# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက် ၊ စနေနေ့ ၊ (19-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ် နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂၁၃ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁**

## တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် အခြေခံပြီး နိုင်ငံရေးသဘောသက်ဝင်သည့် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားချမှတ်သော ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချ

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၁၆-၁၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ တတိယကော်မတီအစည်းအဝေးတွင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ"ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့် အရေးအခြေအနေ"ဟု ခေါင်းစဉ်တပ်ထားသည့်ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ခြင်းမရှိဘဲ အတည်ပြုချမှတ်ခဲ့သည်။

**စာမျက်နှာ ၂၁ ကော်လံ ၁**

## မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ဇီးပြားကြိုးပြင်ကာကွယ်တော သတ်မှတ်



ဇီးပြားကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ် အဝန်း ဧက ၂၂၀၀ ရှိသော နယ်မြေကို **"ဇီးပြားကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၂)အရ ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှစ၍ သတ်မှတ်လိုက်သည်ဟု ကြေညာလိုက်ကြောင်း သိရသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံအကျိုးသယ်ပိုး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ၏ အမျိုးသားဘုံအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြမြဲဖြစ်သည်။ အမျိုးသားဘုံအကျိုးစီးပွားအတွက် နိုင်ငံသားတိုင်း မျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်ထက်မြက်နေစေရန် နိုင်ငံတော်အစိုးရက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။

အမျိုးသားရေးဆိုသည်မှာ တစ်မျိုးသားလုံး၏ အကျိုးစီးပွား၊ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ နိုင်ငံတော်တွင် မည်သည့် နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ နိုင်ငံသားတိုင်းအနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အဆက် ထိန်းသိမ်းသွားရမည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားနိုင်ငံရေးစနစ် ရှင်သန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်အတွက် ပုဂ္ဂိုလ်ရေးယုံကြည်ကိုးကွယ်မှုနှင့် အဖွဲ့အစည်းတစ်ရပ်၏ အကျိုးစီးပွားကိုသာ ရှုမြင်ဖော်ဆောင်နေမှုသည် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်ထားရှိခြင်းမျိုးမဟုတ်ပေ။ မျက်ကန်းမျိုးချစ်သာဖြစ်သည်။

လက်ရှိတွင် **NUG**၊ **CRPH** နှင့် **PDF** အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံအကျိုးစီးပွားပျက်စီးစေမှုကို လုပ်ဆောင်နေကြသည်။ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသည်။ စစ်ရေးနှင့် မသက်ဆိုင်သော နေရာများကို တိုက်ခိုက်သည်။ အများပြည်သူ အေးချမ်းစွာနေထိုင်နိုင်ခြင်းမရှိစေရန် ကျေးရွာ၊ ရပ်ကွက်နေအိမ်တို့ကို မီးရှို့ဖျက်ဆီးသည်။ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူဆောင်ရွက်နေကြသည်။ ထိုသို့ဆောင်ရွက်နေသည်ကိုပင် ပြည်သူ့အကျိုးဆောင်ရွက်သည်ဟုဆိုကာ ပြည်ဖျက်မီဒီယာတချို့က ဝါဒမှိုင်းတိုက်နေသည်ကိုလည်း ကြားသိနေရသည်။

**PDF** အမည်ခံ အကြမ်းဖက်သမားတို့တွင် အဓိကပါဝင်နေသူများမှာ လူငယ်များဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ ဒီမိုကရေစီ ဒုတိယသက်တမ်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ပပျောက်အောင် ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်၏ အကျိုးစီးပွားအတွက်သာ စည်းရုံးသိမ်းသွင်းခံရခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံကို အားကိုးပြီး အနောက်တိုင်းယဉ်ကျေးမှုဖြင့် ဖျက်ဆီးခံရခြင်းကြောင့် မိမိတို့နိုင်ငံသားတိုင်း လက်ကိုင်ပြုထိန်းသိမ်းခဲ့သည့် လောကပါလတရားနှစ်ပါးဖြစ်သော အရှက်အကြောက်တရားကိုလည်း ကင်းမဲ့စေခဲ့သည်။

သို့ဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အကျိုးစီးပွား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေးစားတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံအကျိုးသယ်ပိုးရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# ရေဝတီမြစ်ရေနည်းချိန်ကာလ၌ ရေယာဉ်များသွားလာရာတွင် ရေစူးကန့်သတ်ချက်များကို လိုက်နာရန်လိုအပ်ဟုဆို



**မန္တလေး နိုဝင်ဘာ ၁၈**

ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ၌ မန္တလေးဆိပ်ကမ်းမှ ရေယာဉ်များ သွားလာရာတွင် ရေစူးကန့်သတ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိနေကြောင်း၊ နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်ထိ အချိန်ကာလကို ရေနည်းကာလအဖြစ် သတ်မှတ်ထားကြောင်း၊ အဆိုပါ ရေနည်းချိန်ကာလအတွင်း ရေယာဉ်များ သောင်တင်ခြင်း၊ ရေလမ်းကြောင်းအတွင်း မတော်တဆမှုဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် ရေလမ်းအသုံးပြုသူများက မိမိရေယာဉ်၏ ဝန်တင်ရေစူးကို ရေလမ်းကြောင်း အခြေအနေပေါ်မူတည်၍ သတ်မှတ်ထားသော ရေစူးကန့်သတ်ချက်နှင့်အညီ တင်ဆောင်ပြီး စနစ်တကျ ခုတ်မောင်းသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"ရေလမ်းကြောင်းတွေမပျက်စီးစေဖို့နဲ့ ရေယာဉ်တွေရေကြောင်းအန္တရာယ်ကင်းရှင်းစေဖို့ ရည်ရွယ်ပြီး ရေနည်းချိန်ကာလမှာ ရေလမ်းအသုံးပြုသူတွေ လိုက်နာကြဖို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ရေစူးကန့်သတ်ချက်တွေကို လိုက်နာကြဖို့ လိုအပ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်များမှာ ဧရာဝတီမြစ်ရေလမ်းကြောင်း ဟင်္သာတမှ ပြည်ထိ ငါးပေ ခြောက်လက်မ၊ ပြည်မှ မန္တလေးထိ ငါးပေ၊ မန္တလေးမှ ကသာထိ လေးပေ၊ ကသာမှ ဗန်းမော်ထိ သုံးပေ ကိုးလက်မ၊ ဆင်ဘိုမှ မြစ်ကြီးနားထိ နှစ်ပေ ခြောက်လက်မ ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ် အေးနေဆဲဖြစ်ပြီး လျှော့ဈေးများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

မန္တလေး မြေဈေးကွက်အတွင်း ယခုအချိန်ထိ ဝယ်လက်ပျောက်နေမှုကြောင့် အရောင်းအဝယ်ကျဆင်းလာရပြီး ယခင်က ငွေကျပ်သိန်း ၈၀၀ ခန့် ဈေးပေးဝယ်ယူမှုရှိခဲ့သည့် ပေ (၄၀×၄၀) မြေကွက်များမှာ ယခုအခါ ငွေကျပ် သိန်း ၆၀၀ ခန့်ထိ ဈေးခေါ်ရောင်းချနေကြရကြောင်း သိရသည်။

"ဈေးကွက်တစ်ခုလုံးအနေနဲ့ကတော့ အရောင်းအဝယ်အေးနေဆဲ အခြေအနေမှာပဲ ရှိနေသေးတယ်။ လက်ရှိမှာတော့ ငွေကျပ် သိန်းထောင်ကြီးပိုင်း မြေကွက်တွေ အရောင်းအဝယ်ဖြစ်ချင်ရင် ဈေးလျှော့ရောင်းနိုင်မှ အရောင်းအဝယ်ဖြစ်တာများတယ်။ ခေါ်ဈေးထက်ကို ၂၅ ရာခိုင်နှုန်းလောက်ထိ လျှော့ပေးနိုင်မှ အရောင်းအဝယ်ဖြစ်တာ များပါတယ်" ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အေးနေသော်လည်း မြို့၏ဆင်ခြေဖုံးရပ်ကွက်များ၊ ကျေးရွာမြေကွက်များ၊ အကွက်ရိုက်မြေကွက်များ အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ကံကြီးကုန်း၊ ဇီးအုပ်၊ သမ္ဘောတာ၊ ပုသိမ်ကြီးမြို့နယ်ရှိ ကျွဲရေကုန်း၊ ဆင်ရွာကြီး၊ နန်းဦးလွင် စသည့် ကျေးရွာမြေများ ဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၁၇၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ အောင်ပင်လယ်နှင့် ထန်းကိုးပင်အနီး အကွက်များမှာ ငွေကျပ် သိန်း ၁၂၀၀ မှ သိန်း ၃၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁ လမ်း) လမ်းအပိုင်းများရှိ လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၃၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ မှ သိန်း ၁၅၀၀ ခန့်ထိ ဈေးရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးထံမှ သိရသည်။

(၁၇၃)

# သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံမှထွက်ရှိသည့် ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံမှထွက်ရှိသည့် ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းနေကြောင်း သီရိမာလာကုန်စိမ်းဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် နယ်စုံမှလှိုင်လှိုင်ထွက်ရှိသည့် ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ အာလူး၊ ပန်းဂေါ်ဖီ စသည့် ကုန်စိမ်းသီးနှံများသည် သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား အစီးရေ ၃၀ မှ ၄၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ ကုန်စိမ်းသီးနှံများအားလုံး ဈေးကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အခုအချိန်က နယ်စုံဒေသက ကုန်စိမ်းသီးနှံတွေထွက်တော့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရကာ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုအချိန်မှာ ဈေးကိုသီးနှံတွေ အပြိုင်ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးက ၁၈ ပိဿာဝင် သေတ္တာတစ်လုံးကို ငွေကျပ် ၃၅၀၀၀ ဈေးထိ ရှိနေပါတယ်။ ဂေါ်ဖီထုပ်လဲ တစ်ထုပ်ကို ငွေကျပ် ၁၀၀၀၊ ပန်းမုန်လာက တစ်ပွင့်ကို ငွေကျပ် ၈၀၀၊ ခါကြက်ဥက တစ်ပိဿာကို ငွေကျပ် ၁၇၀၀ ထိရှိပါတယ်။ ကျန်တဲ့သီးနှံတွေလဲ ပုံမှန်အတိုင်းပဲ ရောင်းချနေရပါတယ်" ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာ ကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငဖဲမြို့နယ် ကံသာကျေးရွာ၌ ရေကာနံရံတည်ဆောက်နေမှု စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငဖဲမြို့နယ် ကံသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ရေကာနံရံတည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ ရေကာနံရံ တည်ဆောက်ရန်အတွက် မြေတူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်းငွေကျပ် ၁၂ ဒသမ ၁ သန်းအသုံးပြု၍ ကျောက်ရိုးစီ ရေကာနံရံအရှည် ပေ ၁၅၀ တည်ဆောက်ခြင်းလုပ်ငန်းကို ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ပြောပြ၍ သိရသည်။

**အထွေး**

# ပဲခူးမြို့နယ် ဇိုင်းဂနိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇိုင်းဂနိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ထုတ်ချေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ၁၁ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ၂၉ ဒသမ ၇၆ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ၉ ဒသမ ၉ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၉၉ ဦးကို ငွေကျပ် ၅၁ ဒသမ ၄၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းက ပြောပြ၍ သိရသည်။ **ဖြိုးလေး**

# ကချင်ပြည်နယ် ကန်ပိုက်တီနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၂ သန်း ဆောင်ရွက်ထား



**မြစ်ကြီးနား နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ်ရှိ ကန်ပိုက်တီနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ယခုနှစ် နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိကာလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၂ သန်း ဆောင်ရွက်ထားကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေထံမှ သိရသည်။

ယခုနှစ် နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိ ကာလအတွင်း ကချင်ပြည်နယ်အတွင်းရှိ ကန်ပိုက်တီနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ ပို့ကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းကျော် တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှု အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၃ သန်းကျော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်း မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၂ သန်း ဆောင်ရွက်ထားကြောင်းသိရသည်။

"ကချင်ပြည်နယ် ကန်ပိုက်တီနဲ့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတွေက အခုနှစ် နိုဝင်ဘာ ၅ ရက်ကနေ နိုဝင်ဘာ ၁၁ ရက်ထိ ကာလအတွင်း တရုတ်နိုင်ငံကို မြန်မာပို့ကုန်တွေ တင်ပို့နိုင်မှုအခြေအနေကတော့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းကနေ တရုတ်နိုင်ငံကို ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၄ သန်းနဲ့ ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၅ သန်းကျော်တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို တစ်သျှူးငှက်ပျောအများဆုံးတင်ပို့ခဲ့တာဖြစ်ပြီး တစ်ပတ်အတွင်းမှာ ဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ပိုးလုံးအိမ်တွေလဲ တင်ပို့နိုင်ခဲ့ပါတယ်"ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ပြောပြသည်။

ထိုသို့ တရုတ်နိုင်ငံသို့ မြန်မာထွက်ကုန်များ တင်ပို့ရာတွင် အင်ကြင်းကျောက်၊ တစ်သျှူးငှက်ပျော၊ ဆန်နှင့်ဆန်ကွဲ၊ နှမ်းနက်နှင့် ပဲတီစိမ်းတို့ကို အဓိက တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စက်နှင့်စက်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်း၊ သံနှင့်သံမဏိ၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများကိုလည်း ပြန်လည်တင်သွင်းခဲ့ကြောင်း ဦးမျိုးဆွေက ပြောပြ၍ သိရသည်။

ASH

# ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ပေါင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်း၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကန်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ကန်ဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၁၀ ကို ၂၆ ဒသမ ၉ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသားဦးရေ ၁၂၀ ကို ငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောပြ၍ သိရသည်။ **သုတ**

# ရပ်စောက်မြို့နယ် လှည်းတိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းတိုးကျေးရွာအုပ်စု လှည်းတိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (အဋ္ဌမ) အကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က လှည်းတိုးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းတိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၄၃၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈၆ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၆၉)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာ ကျွန်တော်က အသက် ၃၉ နှစ်ပါ။ အမျိုးသားပါ။ ကိုယ်အလေးချိန် ၁၄၅ ပေါင်လောက်ပါ။ ကျွန်တော့်ပါးစပ်ထောင့် နှုတ်ခမ်းနှစ်ဖက်ကြားမှာ အနာဖြစ်နေတာ ၁၅ ရက်လောက်ရှိပါပြီ။ ဆရာစိုလိမ်းပါတယ်။ အင်္ဂလိပ်ဆေး (B2)သောက်ပါတယ်။ မပျောက်လို့ပါ ဆရာ။ ကျေးဇူးပြုပြီး ဖြေကြားပေးပါခင်ဗျာ။**

ဖြေ ။ ။ လေးညှင်းပွင့်ကို သွေးလိမ်းပါ။ ပျားရည်ကို တစ်ခါတစ်ရံတို့ပေးပါ။ ညှော်မိထားရင် ခွေးတောက်ရွက်ဟင်းချိုချက်သောက်ပါ။ ထမင်းရည်ပွဲ့ချက်၊ ထမင်းရည်ပူပူလေး သောက်ပေးရင်လဲ ပါးစပ်နာပျောက်တယ်လို့ အဆိုရှိပါတယ်။

**မေး ။ ။ ဆရာရှိသေစွာနဲ့ မေးပါရစေ။ ကျွန်တော် ရှုံကျပ်တာတော်တော်ကြာနေပါပြီ။ ကိုယ်အလေးချိန်လဲ မကျပါဘူး။ မောလဲမမောပါဘူး။ အိပ်ရာကထရင်ဖြစ်ဖြစ်၊ အနေအထားပြောင်းရင်ဖြစ်ဖြစ် သလိပ်က အသက်ရှုလမ်းကြောင်းမှာ လာဆို့နေသလိုမျိုးဖြစ်ပြီး ချောင်းဆိုးပါတယ်။ သလိပ်ကလဲ မဟပ်တတ်တော့ ပြန်မျိုချသလို ဖြစ်နေတာပေါ့ဆရာ။ အဲဒါကိုလဲ ပျောက်ကင်းချင်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန်နဲ့ ဆေးနည်းလေးတွေရှိရင် ညွှန်ကြားပေးပါရန် ရိုသေစွာနဲ့ မေးတာပါ။**

ဖြေ ။ ။ ဇော်ဂျီတောင်ဇွေးရွက်ပြုတ်ရည်သောက်ပါ။ ဆားခါးကိုလှော်ထား။ မန်ကျည်းမှည့်ဖျော်ရည်နဲ့ ညအိပ်ရာဝင်ခါနီး သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၁) သလိပ်ပုပ်နိုင်ဆေး၊ လေပူကျဆေးတွေ သောက်ပါ။ မနက်စောစော နေရောင်ခြည်ရတဲ့နေရာ၊ လေကောင်းလေသန့်ရတဲ့နေရာမှာ လမ်းလျှောက်ပြီး အသက်ရှူ လေ့ကျင့်ခန်းလုပ်ရင် အဆုတ်အားကောင်းပြီး ကျန်းမာစေနိုင်ပါတယ်။

**မေး ။ ။ ဆံပင်ကျွတ်ပြီး ငယ်ထိပ်မှာလဲ ကွက်နေပါတယ်။ နိုင်ငံခြား ဆံပင်ပေါက်ဆေးတွေလဲ သုံးကြည့်တာ သိပ်မထူးပါဘူး။ ဈေးလဲအရမ်းကြီးတော့ ရေရှည်မသုံးနိုင်လို့ပါ။ တိုင်းရင်းဆေးတွေရှိရင် လမ်းညွှန်ပေးပါဆရာကြီးရှင့်။**

ဖြေ ။ ။ ငယ်ထိပ်မှာဆံပင်ကျွတ်ပြီး ထိပ်ကွက်ဖြစ်ရင် နှမ်းနက်ဆီ(ဆုံဆီ)စစ်စစ်နဲ့ ထောပတ်ဆီထဲမှာ ထောလပတ်ရွက်အစို အရည်ညှစ်ရောပါ။ အရွက်ခြောက်ဆိုရင် ကြာကြာစိမ်ထားပြီး ငယ်ထိပ်မှာ ညအိပ်ရာဝင်တိုင်းလိမ်းအိပ်ပါ။ ခေါင်းကို ဆီလိမ်းပြီး အဝတ်ပါးပါးပေါင်းအိပ်ရင်ပိုကောင်းပါတယ်။ တစ်လခွဲကနေ သုံးလထိ ပြုလုပ်ရင်သိသာမှာပါ။

**မေး ။ ။ ဝမ်းအရည်သွားနေလို့ဆရာ။ တစ်ညလုံးမအိပ်ရပါ။ အမျိုးသားက ညအလုပ်ဆင်းနေလို့ မနက် ၉ နာရီလောက်မှ ဆေးခန်းသွားပြရမှာမို့ အိမ်မှာနေရင်း သောက်လို့ရမဲ့ ဆေးနည်းလေး ပေးပါရှင့်။**

ဖြေ ။ ။ ရေနွေးမတ်ခွက်တစ်ခွက်မှာ လက်ဖက်ခြောက် သုံးဇွန်း၊ သကြား သုံးဇွန်း၊ ဆားလှော်တစ်ဇွန်းထည့်အုပ်ထားပါ။အအေးခံသောက်ရင် ဝမ်းလျှော့ရပ်ပါတယ်။ တစ်နေ့မတ်ခွက် နှစ်လုံးသောက်ပါ။

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မက ငယ်ငယ်ကတည်းက စကားထစ်ပါတယ်။ အမြဲမဟုတ်ပါဘူး။ စိတ်ပျော်နေချိန်ဆိုမထစ်ပါဘူး။ စိတ်ညစ်နေချိန်၊ စိတ်ဓာတ်ကျနေချိန်ဆို ပြောမရအောင် ထစ်နေတဲ့အတွက် အလုပ်မှာ အနှောင့်အယှက်ဖြစ်ရပါတယ်။ စိတ်အားလဲငယ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလဲမရှိပါဘူး။ အလုပ်က စော်ချုပ်တဲ့အလုပ်ပါ။ တချို့တွေပြောတာ အာရုံကြောအားနည်းလို့ စကားထစ်တာလို့ပြောပါတယ်။ အဲဒါ ဟုတ်၊ မဟုတ် လူကောင်းပကတိဖြစ်အောင် ဘယ်လိုဆေးတွေစားရမလဲ။ လေ့ကျင့်ခန်းလုပ်ရမယ်ဆိုလဲ လုပ်ပါမယ်။ စကားထစ်တာပျောက်ချင်လို့ အစားအသောက်အနေအထိုင် ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာ ပြောပြပေးပါဆရာရှင့်။**



ဆေးဖက်ဝင် ထောလပတ်ရွက်ကို တွေ့ရစဉ်။

ဖြေ ။ ။ စကားထစ်တာနဲ့ ပတ်သက်လို့ ရှေးဟောင်းပေစာတစ်စောင်မှာ တွေ့ဖူးတာက စကားထစ်ရင် မြင်းခွာရွက် သုံးရွက်ကို ရေစိမ်ထားပြီး မနက်အိပ်ရာထမှာ ဝါးစားပါလို့ဆိုထားပါတယ်။ စမ်းကြည့်ပါ။ ဆရာ့အတွေ့အကြုံအရတော့ စကားထစ်သူတွေဟာ မြန်မာအက္ခရာ တ နဲ့ စ ပါတဲ့စကားလုံးတွေမှာ ပိုထစ်လေ့ရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် စကားထစ်တာကို ပျောက်အောင် လေ့ကျင့်ခန်းအနေနဲ့ တတစ်လုံးတည်းကို တ၊ တ၊ တ၊ တ၊ တ၊ တ၊ တ ဆိုပြီးတော့ အကြိမ်ကြိမ်ရွတ်ဆိုပါ။ စ လုံးအက္ခရာကိုလဲ စ၊ စ၊ စ၊ စ၊ စ၊ စ၊ စ ဆိုပြီးတော့ ရွတ်ဆိုပါ။ အထူးသဖြင့် ကိုယ်ထစ်လေ့ရှိတဲ့ အက္ခရာကို ရွတ်ဆိုရင်လဲရပါတယ်။ သ အက္ခရာ၊ ဆ အက္ခရာတွေမှာ စကားထစ်တယ်ဆိုရင် အဲဒီအက္ခရာကိုလေ့ကျင့်ပါ။ တချို့က စနဲ့ဆ မကွဲတာတွေရှိပါတယ်။လေဖြတ်ပြီး စကားမပီလို့ ပြန်ကောင်းလာတဲ့အခါ လေ့ကျင့်ပေးရတဲ့သူတွေမှာလဲ ဒီလိုပဲ အက္ခရာတစ်လုံးချင်း များများရွတ်ဆိုခိုင်းပြီး လေ့ကျင့်ပေးရပါတယ်။ လေ့ကျင့်ပေးတဲ့အခါ စကားပြန်ပီလာတာကို ဆရာတို့တွေ့ရှိရပါတယ်။ စမ်းသပ်ကြည့်ပါ။ စကားထစ်တာဟာ စိတ်ကြောင့်ချည်းမဟုတ်ဘဲ အကျင့်ကြောင့်လဲ ပါပါတယ်။ အကျင့်ဆိုတာ ပြင်ယူရင် ရနိုင်ပါတယ်။

**မေး ။ ။ အသက်၈၀ကျော်အဘွား ဒူးနာနေပါတယ်ဆရာ။ ဆေးခန်းတွေလဲပြပါတယ်။ ဒူးကြီးပြီး အရိုးကျိုးပေါင်းတက်နေတယ်လို့ပြောပါတယ်။ အိုနာလို့လဲ ပြောပါတယ်။ အိုနာဆိုတာ ကုမရဘူးလို့ ပြောပါတယ်။ တစ်ခါတစ်ရံဒူးကိုက်ရင် ပရုတ်ဆီလိမ်းပေးပါတယ်။ အကိုက်အခဲပျောက်ဆေးတွေ ပေးထားပေမဲ့ အစာအိမ်နာရောဂါရှိလို့ မတိုက်ပါဘူး။ အိမ်အပေါ်ထပ်ကို ဘုရားရှိခိုးဖို့ တက်တဲ့အခါ တအားအကော်အခဲရှိပါတယ်။ ဘယ်လိုလုပ်ပေးရမလဲ။ ဒူးနာပျောက်မဲ့ တိုင်းရင်းဆေးနည်းလေးတွေရှိရင် သိလိုပါတယ်ဆရာ။ အစားအသောက်ရှောင်သင့်တာ၊ စားသင့်တာလဲ သိလိုပါတယ်ဆရာ။**

ဖြေ ။ ။ အိုနာဆိုပေမဲ့ အကွေးအဆန့်ရအောင်၊ မနာမကျင်အောင်တော့ ကုသပေးလို့ရပါတယ်။ ဒူးနာမှန်သမျှ အဆင်း၊အတက်၊ ပုဆစ်တုပ်ထိုင်တာ ရှောင်ကြဉ်ရပါတယ်။ အကြောလေလျှောက်ဆေး၊ လေပူကျဆေးတွေ စားရပါတယ်။ အစားအသောက်မှာတော့ အဆစ်ခိုင်စေတဲ့၊ ကိုက်ခဲစေတဲ့ကုလားပဲနဲ့ နီတဲ့အသားတွေရှောင်စားရပါမယ်။ ဝမ်းတွင်းသားလဲ မစားဘဲ ရှောင်ကြဉ်ရပါမယ်။ ဓာတ်စာအနေနဲ့ ပဲရာဇာဟင်းချိုချက်တိုက်ပါ။ ရုံးပတီသီးမီးကင်ကျွေးပေးပါ။ ဗီးကြမ်းငှက်ပျောသီးအခွံမှာကပ်နေတဲ့ အမြေးကလေးတွေကို ခြစ်ယူပြီး ကျွေးပေးပါ။ ယောအတွင်းဝန်ရဲ့ ဥတုဘောဇနကျမ်းအလိုအရ ဒူးနာရောဂါ၊ ဒူးကြီးရောဂါပျောက်ကင်းဖို့ ငါးကြင်းခေါင်းကို ဟင်းချက်စားပါလို့ဆိုပါတယ်။ ဒူးဆစ်အကွေးအဆန့်ကောင်းအောင် မုန်ညင်းဆီကို မီးအပူပေးပြီး ဒူးထဲစိမ့်ဝင်အောင် နေ့စဉ်လိမ်းပေးပါ။ ဒူးနာရင် မုန်ညင်းဆီနဲ့ကြပ်ထုပ်ထိုးပေးပါ။ တောရှောက်မြစ်၊ ဝံအူမြစ်ကို သွေးလိမ်းပေးပါ။ ရဲယိုရွက်ကို မီးကင်ဒူးမှာကပ်ပြီး ပတ်တီးစည်းထားပေးပါ။

**မေး ။ ။ ဆရာရှင့် ကျွန်မအသက် ၄၀ ပါရှင့်။ ကိုယ်အလေးချိန် ၁၆၅ ပေါင်ရှိပါတယ်။ ဆီးဝမ်းမှန်ပါတယ်ရှင့်။ သွေးသားလဲ တစ်လတစ်ခါမှန်ပါတယ်ရှင့်။ သွေးပေါင်ချိန်ကလဲ ပုံမှန်ပါရှင့်။ ကော်ကြောတက်တာကလွဲလို့ အခြားကြီးကြီးမားမားရောဂါမရှိပါဘူးရှင့်။ ညအိပ်ရင် မကြာခဏနိုးတတ်ပါတယ်။ စံအေးနေရတာတစ်ခုက ခြေဆီ၊ လက်ဆီမထွက်ဘဲ နေရတာတစ်မျိုးဖြစ်နေလို့ပါရှင့်။ လွန်ခဲ့တဲ့ ငါးနှစ်က အဲကွန်းခန်းမှာ တစ်နှစ်လောက် အလုပ်လုပ်ပြီးကတည်းက ခြေဆီမထွက်တော့တာပါ။ ခြေဆီမထွက်ရင် တဖြည်းဖြည်းဆံပင်တွေ ကျွတ်ကုန်တယ်ဆိုတာကောမှန်ပါသလား။ ခြေဆီထွက်အောင် ဘာဆေးတွေစားရမလဲ။ ဖြေကြားပေးပါရှင့်။**

ဖြေ ။ ။ ခြေဆီမထွက်တဲ့သူတွေမှာအောက်ပိုင်းအခိုးငုပ်တဲ့အတွက် အညောင်းအကိုက်များပါတယ်။ အောက်ပိုင်းအခိုးငုပ်တော့ အထက်ကိုအပူပြန်ပြီး မျက်စိမှုန်တာ၊ ဆံပင်ကျွတ်တာဖြစ်လေ့ရှိပါတယ်။ ခြေဆီမထွက်တဲ့သူတွေ အဓိကဖြစ်တာကတော့ ခြေဖနောင့်ကွဲတာ၊ ခြေဖနောင့်နာတာ ဖြစ်လေ့ရှိပါတယ်။ အခိုးထွက်အောင် ညအိပ်ရာဝင်ခါနီး ခြေဆေးအိပ်ပါ။ ခြေဆေးတဲ့အခါ ဒူးအထက် ပေါင်လယ်လောက်ကစပြီး အောက်ကိုရေအေး ၁၀ ခွက်လောက် လောင်းပေးရပါတယ်။ ခြေဆေးပြီး အဝတ်ခြောက်နဲ့သုတ်တဲ့အခါ အပူတွေ တရှိန်ရှိန်ထွက်လာတာ တွေ့ရတတ်ပါတယ်။ မနက်အိပ်ရာထမှာ ခြေထောက်နှစ်ချောင်းကို အကြောလေလျှောက်အောင် လမ်းလျှောက်ပေးပါ။ အဆင်း၊ အတက်လုပ်တာ၊ စက်ဘီးစီးတာ စတဲ့ လေ့ကျင့်ခန်းတွေပြုလုပ်ပေးပါ။ ခြေဆီပြန်ထွက်လာဖို့အတွက် ခြေဖဝါး ဆားပွတ်တာ၊ ဆားနင်းတာတွေ ပြုလုပ်ရပါတယ်။ မနက်ဖြစ်စေ၊ ညအိပ်ရာဝင်ဖြစ်စေ ဆားနင်းပြီး ရေချိုးနိုင်ပါတယ်။ ရေမချိုးချင်ရင် ဆားနင်းပြီး ခြေထောက်ကိုရေဆေးနိုင်ပါတယ်။ ခြေဆီမထွက်ရာမှ ခြေဖနောင့်ကွဲသူတွေ ခြေဖနောင့် နှစ်ဖက်ကို တမာရွက်ပြုတ်ရည်စိမ်ပေးပါ။ အက်ကွဲရာတွေရှိရင် ထောပတ်နဲ့ပျားရည် ရောစပ်လိမ်းပေးပါ။ ထောပတ်မရှိတဲ့ တောရွာတွေမှာ သဘော်ရိုးအညှာကထွက်တဲ့ အစေးကို ယူပြီး အုန်းဆီနဲ့ ရောစပ်လိမ်းပေးပါ။ ခြေဆီမထွက်တဲ့သူတွေအတွက် ထင်းရှူးဆီနဲ့ ပျားဖယောင်းကိုရောကျိုပြီး ခြေဖဝါးမှာ လိမ်းပေးပါ။ ခြေနှစ်ဖက်ပေါင်ကနေ ခြေသလုံးတစ်လျှောက် မုန်ညင်းဆီနဲ့ နှမ်းဆီကို မီးနဲ့ပူအောင် နွေးပြီး ညအိပ်ရာဝင်တိုင်း လိမ်းအိပ်ပါ။ ခြေစွပ်ဝတ်ပြီးအိပ်တာ မပြုလုပ်ပါနဲ့။ ခြေဆီမထွက်သူတွေ မျက်စိအခိုးမတက်စေဖို့ စားဆေးအနေနဲ့ တိုင်းရင်းဆေးအမှတ်(၁၂) စက္ခုပါလဆေးကို စားပေးပါ။ အဲဒီဆေးက မျက်စိမှုန်တာနဲ့ တိမ်ဖြစ်တာကို ကာကွယ်ပေးနိုင်တဲ့ ရှေးသမားစဉ်သုံး တိုင်းရင်းဆေးဖြစ်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၄၀၅၆ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၄၀၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဂျုံ ၂၅၆၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဂျုံ ၁၄၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ဒီနှစ် ဆောင်းကာလမှာ ဝက်လက်မြို့နယ်အတွင်း ဂျုံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုလက်ရှိမှာ ဂျုံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဂျုံစိုက်ပျိုးမှုကတော့ ဒီနှစ်မှာ မနှစ်ကထက် တိုးချဲ့စိုက်ပျိုးဖို့ လျာထားပါတယ်။ ဂျုံဈေးကွက်ရှိလာတာကြောင့် တောင်သူတွေလဲ ဂျုံကို တိုးချဲ့စိုက်ပျိုးပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်”ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဂျုံသီးနှံကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတွင် ရိတ်သိမ်းကြကာ ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံ တစ်ဧက စိုက်ပျိုးပါက ဂျုံ ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် ၂၄၅၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံစိုက်ပျိုးမှုအနေဖြင့် ၂၀၁၈ ခုနှစ်က ဂျုံ ၁၁၄၁၆၁ ဧက၊ ၂၀၁၉ ခုနှစ်က ဂျုံ ၁၀၇၂၃၄ ဧက၊ ၂၀၂၀ ပြည့်နှစ်က ဂျုံ ၁၀၂၆၁၁ ဧက၊ ၂၀၂၁ ခုနှစ်က ဂျုံ ၉၇၈၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံသီးနှံဧက ၁၀၂၆၀၀ စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)




# ဖယ်ခုံမြို့နယ်၌ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီးစီးမှု စစ်ဆေး

**ဖယ်ခုံ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ရိလုံရိကန်ကျေးရွာအုပ်စု လပင်ခွဲ့ကျေးရွာ၌ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လပင်ခွဲ့ကျေးရွာ၌ အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့်ခြောက်ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

လပင်ခွဲ့ကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၄၁ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၄၁ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၅၆ အိမ်၊ လူ ၈၁၅ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် ရာသီမရွေးသန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# ရဲစေ

\- ဖိုးထိုက်တန် ပတ္တမြားအစစ်
နွံမနစ် ဘယ်ခါပင်၊

\- အသုံးတည့်နေ ဓားလုံ့ဖွေး
သံချေးမတင်၊

\- လိမ့်နေသည့် ကျောက်ခဲ
ဖုန်သဲမကပ် အညစ်အကြေးစင်
လှစ်တွေးမြင် သာဓက၊

\- “တန်ဖိုး”နှင့် “လုပ်အား”
“လှုပ်ရှား”လျက် ရှင်သန်
တင်ကျန်ရာ အစွမ်းအစပေမို့
လှမ်းသမျှ ဆုံးတစ်သက်တာပေါ့
သုံးချက်မှာ တစ်ချက်စွဲလျှင်ဖြင့်
သဘောမမှန် လောကဓံဝဲမှာ
ရဲလိမ့်ဘဝ။ ။

**ချစ်စုအောင်**

# မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဝင် ကျေးရွာဖြစ်သည့် အလံပါယ်ကျေးရွာတွင် စီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်အတွက် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ၊ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ပထမအကြိမ်အဖြစ် မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာတွင် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၁၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**စင်မာ**



## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါတို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေး



**ဘန်ကောက် နိုဝင်ဘာ ၁၈**

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအုပ်စု(အေပက်) ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိနေသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါတို့ နိုဝင်ဘာ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်း ရည်မှန်းချက်များကြောင့် အာရှ၌ တင်းမာမှုများမြင့်တက်နေချိန်တွင် တရုတ်သမ္မတနှင့်ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် ဒေသတွင်းလုံခြုံရေးပြဿနာများကို ဆွေးနွေးခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် တရုတ်နှင့်ဂျပန် နှစ်နိုင်ငံအနေဖြင့် ယုံကြည်မှုပိုမိုတည်ဆောက်၍ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ ဒေသတွင်း ပေါင်းစည်းရေးကို မြှင့်တင်ရန်နှင့်ပဋိပက္ခများ၊ ထိပ်တိုက်ရင်ဆိုင်မှုများကို ဆန့်ကျင်တားဆီးရန် ပူးပေါင်းကြိုးပမ်းသင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် တိုက်တွန်းခဲ့သည်။

နိုဝင်ဘာ ၁၇ ရက်ဆွေးနွေးပွဲသည် သုံးနှစ်ကြာကာလအတွင်း ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့သည့် တရုတ်-ဂျပန် နိုင်ငံခေါင်းဆောင်များအဆင့် ဆွေးနွေးပွဲဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်နှင့်ဂျပန် ခေါင်းဆောင်များသည် တရုတ်(တိုင်ပေ)ပြဿနာကိုလည်း အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

KKO

# အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးကို နန်စီပလိုစီ စွန့်လွှတ်မည်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီသည် လွှတ်တော်ဥက္ကဋ္ဌနေရာကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိအနေဖြင့် အောက်လွှတ်တော်ဥက္ကဋ္ဌနေရာကို မျိုးဆက်သစ်ဒီမိုကရက်တစ်ခေါင်းဆောင်များထံ လွှဲပြောင်းပေးမည် ဖြစ်ကြောင်း နန်စီပလိုစီက နိုဝင်ဘာ ၁၇ ရက်တွင် အောက်လွှတ်တော်၌ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ သက်တမ်းနှစ်လယ်လွှတ်တော်ရွေးကောက်ပွဲရလဒ်များအရ ရီပက်ဘလီကန်ပါတီက အောက်လွှတ်တော်ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ ရာထူးစွန့်လွှတ်မည့်အစီအစဉ်ကို နန်စီပလိုစီက ကြေညာခဲ့ခြင်းဖြစ်သည်။

အသက် ၈၂ အရွယ် နန်စီပလိုစီသည် အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးကို စွန့်လွှတ်မည်ဖြစ်သော်လည်း လွှတ်တော်အမတ်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်အံ့မည်ဖြစ်သည်။

ထိပ်တန်းဒီမိုကရက်တစ် လွှတ်တော်အမတ်တစ်ဦးအဖြစ် နှစ် ၂၀ ကြာ ရပ်တည်ခဲ့သော နန်စီပလိုစီသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ထိလည်းကောင်း၊ ၂၀၁၉ ခုနှစ်မှစ၍ လက်ရှိအချိန်ထိလည်းကောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကို ရယူခဲ့သည်။

နန်စီပလိုစီ၏နေရာ၌ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အစားထိုးတာဝန်ယူမည့်သူကို အောက်လွှတ်တော်ဒီမိုကရက်တစ်အမတ်များက နိုဝင်ဘာ ၃၀ ရက်တွင် မဲခွဲရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

KKO



# ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာညီလာခံ လက်ခံကျင်းပရန် စဉ်းစားနေကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင် ပြောကြား

**ပေကျင်း နိုဝင်ဘာ ၁၈**

တတိယမြောက် ရပ်ဝန်းနှင့်လမ်းအစီအစဉ် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ညီလာခံကို ၂၀၂၃ ခုနှစ်တွင် လက်ခံကျင်းပရန် စဉ်းစားနေကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ညီလာခံကျင်းပဖြစ်ခဲ့ပါက ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပမည့် ရပ်ဝန်းနှင့်လမ်းအစီအစဉ် နိုင်ငံတကာညီလာခံဖြစ်လာမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် တတိယမြောက် ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာညီလာခံကို ၂၀၂၃ ခုနှစ်တွင် လက်ခံကျင်းပရန် စဉ်းစားနေကြောင်း ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအုပ်စု(အေပက်) ထိပ်သီးညီလာခံ၌ သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် ရပ်ဝန်းနှင့်လမ်း အစီအစဉ်သည် သမ္မတ ရှီကျင့်ဖျင်၏ အဓိက နိုင်ငံတကာအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံရေး အစီအစဉ်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ရပ်ဝန်းနှင့်လမ်းအစီအစဉ် နိုင်ငံတကာညီလာခံများကို ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံအများအပြားမှ ခေါင်းဆောင်များနှင့် ထိပ်တန်းတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါစတင်ပေါ်ပေါက်လာပြီးနောက်ပိုင်း တရုတ်နိုင်ငံအနေဖြင့် နယ်စပ်များကို အဝင်အထွက်ပိတ်၍ လူကိုယ်တိုင်တက်ရောက်ရမည့် နိုင်ငံတကာညီလာခံများ လက်ခံကျင်းပရေး အစီအစဉ်များကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

KKO

# မြောက်ကိုရီးယားပစ်လွှတ်သည့် တိုက်ချင်းပစ်ဒုံးကျည် ဂျပန်ကမ်းရိုးတန်းနှင့် မိုင် ၁၃၀ အကွာတွင် ကျရောက်

**တိုကျို နိုဝင်ဘာ ၁၈**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ရာ ဂျပန်နိုင်ငံကမ်းရိုးတန်း ကမ်းလွန်ရေပြင်နှင့်မိုင် ၁၃၀ အကွာတွင် ကျရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားတိုက်ချင်းပစ်ဒုံးကျည်သည် အမြင့် မိုင် ၆၂၀ ထိ တက်ရောက်၍ အကွာအဝေး မိုင် ၃၆၀၀ နှင့် ၃၇၉၀ မိုင်ကြား ပျံသန်းခဲ့ပြီး ဟော့ကိုင်ဒိုကျွန်းစု အိုရှီးမားကျွန်းအနောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ၌ ကျရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါ ဒုံးကျည်၏ ပျံသန်းမှုအမြန်နှုန်းမှာ အသံ၏မြန်နှုန်းထက် ၂၂ ဆထိ ရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ အဆိုအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားလေတပ် စစ်လေယာဉ်များနှင့် အမေရိကန် စစ်လေယာဉ်များက ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်၌ အုပ်ဖွဲ့ပျံသန်းခဲ့ကြကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မြောက်ကိုရီးယားတိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်နိုင်ငံထိ ရောက်ရှိနိုင်ကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူများက သုံးသပ်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်အဖြစ်ယူဆရသော ဒုံးကျည်တစ်စင်းကို နိုဝင်ဘာ ၃ ရက်ကလည်း ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

KKO

# ပါကစ္စတန်တောင်ပိုင်း အဝေးပြေးလမ်းပေါ်၌ ခရီးသည်တင် မော်တော်ယာဉ်တစ်စီး ရေမြောင်းအတွင်းထိုးကျခဲ့ရာ လူဦးရေ ၂၀ သေဆုံး

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၈**

ရေလွှမ်းမိုးမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသော ပါကစ္စတန်နိုင်ငံတောင်ပိုင်း၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ရေပြည့်နေသည့် မြောင်းတစ်ခုအတွင်း ထိုးကျခဲ့ရာ ခရီးသည်ဦးရေ ၂၀ သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဖြစ်စဉ်သည် ဆင်းပြည်နယ် အိန္ဒုအဝေးပြေးလမ်းပေါ်၌ နိုဝင်ဘာ ၁၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဝေးပြေးလမ်းနေရာအများအပြားမှာ ရေဘေးကာလအတွင်း ရေများကို ဖောက်ထုတ်နိုင်ရေးအတွက် ရေလမ်းကြောင်းများ တူးပေးထားခဲ့ကြောင်း သိရသည်။



သို့ရာတွင် ရေဘေးသင့်ဒေသများ၌ ရေများပြန်ကျခဲ့သော်လည်း အဆိုပါ ရေထုတ်မြောင်းများကို ပြန်လည်ပြုပြင်ထားခြင်း မရှိခဲ့ကြောင်း သိရသည်။

အိန္ဒုအဝေးပြေးလမ်း ရေထုတ်မြောင်းအတွင်း ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ထိုးကျခဲ့ပြီးနောက် ခရီးသည် ၁၃ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်အတွင်းဖြစ်ပွားခဲ့သော မကြုံစဖူးပြင်းထန်လှသည့် ရေဘေးကြောင့် အခြေခံအဆောက်အအုံများပျက်စီးမှုကို ပြန်လည်ပြုပြင်ရန် ကြိုးစားရုန်းကန်နေရဆဲ ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာက SLS ဒုံးပျံဖြင့် အားတီးမစ်-၁ မစ်ရှင်ကို နိုဝင်ဘာ ၁၆ ရက်က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် SLS ဒုံးပျံဖြင့် အားတီးမစ်-၁ မစ်ရှင်ကို နိုဝင်ဘာ ၁၆ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အားတီးမစ်-၁ မစ်ရှင်အရ အာကာသယာဉ်မှူးများ လိုက်ပါမှု မရှိသေးသည့် အိုရီယွန်အာကာသယာဉ်တင်ဆောင်ထားသည့် SLS ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၉၀ ခန့်အကြာတွင် SLS ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် အိုရီယွန်အာကာသယာဉ်ကို ကမ္ဘာပတ်လမ်းအပြင်ဘက်သို့တွန်းပို့၍ လဆီသို့ ပျံသန်းရာလမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရက်သတ္တသုံးပတ်ကြာမြင့်မည့် အားတီးမစ်-၁ မစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်သည် လမျက်နှာပြင်ကို မိုင် ၆၀ ခန့်အကွာမှ ဖြတ်သန်းပြီးနောက် လ၏အလွန် မိုင် ၄၀၀၀၀ အကွာထိ ပျံသန်းမည်ဖြစ်ပြီး ကမ္ဘာမြေသို့ပြန်လည်ထွက်ခွာလာမည် ဖြစ်ကြောင်း သိရသည်။

အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် ပင်လယ်ရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်လာဖွယ်ရှိသည်။

အားတီးမစ်-၁ မစ်ရှင် အောင်မြင်မှုကြောင့် အမေရိကန်ဒေါ်လာ လေးဘီလီယံ အကုန်အကျခံတည်ဆောက်ထားသည့် SLS ဒုံးပျံမှာ ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။ KKO


## နာဆာက Lunar Flashlight အမည်ရှိ လကမ္ဘာရေခဲစူးစမ်းလေ့လာရေး ဂြိုဟ်တုငယ်တစ်စင်းလွှတ်တင်ရန် ပြင်ဆင်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် Lunar Flashlight ဟူ၍ အမည်ပေးထားသည့် လကမ္ဘာရေခဲစူးစမ်းလေ့လာရေး ဂြိုဟ်တုငယ်တစ်စင်းကိုလွှတ်တင်ရန်ပြင်ဆင်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် အဆိုပါဂြိုဟ်တုငယ်ကို Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုဝင်ဘာ ၂၂ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

နိုဝင်ဘာ ၂၂ ရက် ဖယ်လ်ကွန်-၉ မစ်ရှင်တွင် Lunar Flashlight ဂြိုဟ်တုအပြင် ဂျပန်နိုင်ငံ၏ ဟာကူတိုလဆင်းယာဉ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ၏ ရာရှစ်-၁ လမျက်နှာပြင် လေ့လာရေးယာဉ်တို့လည်း လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။



လက်ဆွဲသေတ္တာ တစ်လုံးစာအရွယ်သာရှိသည့် Lunar Flashlight သည် လမျက်နှာပြင်ကို အနီးကပ်ဖြတ်သန်း၍ ဥတ္တာချိုင့်ဝှမ်းနယ်မြေများ၌ ရေခဲ ရှိ၊ မရှိကို လေဆာရောင်ခြည်အာရုံခံစနစ်ဖြင့် စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက Lunar Flashlight ကို အားတီးမစ်-၁ မစ်ရှင်ဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် SLS ဒုံးပျံ၌အချိန်မီ ပေါင်းစပ်ထည့်သွင်းနိုင်မှုမရှိခဲ့ခြင်းကြောင့် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက စီးရီးစ်-၁ ဝိုင် ၄ ဒုံးပျံဖြင့် ပုဂ္ဂလိကဂြိုဟ်တုအုပ်စုတစ်စုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်နိုင်ငံသည် စီးရီးစ်-၁ ဝိုင် ၄ အမည်ရှိ ဒုံးပျံဖြင့် ပုဂ္ဂလိကဂြိုဟ်တုအုပ်စုတစ်စုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ နိုဝင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက နိုဝင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

ကျိုလင်-၁ ကိုးဖန် ၀၃ ဒီ အမျိုးအစား ဂြိုဟ်တုငါးစင်းသယ်ဆောင်ထားသည့် စီးရီးစ်-၁ ဝိုင် ၄ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရီးစ်-၁ ဝိုင် ၄ ဒုံးပျံသည် ကျိုလင်-၁ ကိုးဖန် ၀၃ ဒီ ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုငါးစင်းတို့သည် ပုဂ္ဂလိက မြေကမ္ဘာလေ့လာရေး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီးရီးစ်-၁ ဒုံးပျံများသည် ပေကျင်းမြို့အခြေစိုက် ပုဂ္ဂလိက အာကာသနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော ဂလက်စတစ်အင်နာဂျီကုမ္ပဏီက တည်ဆောက်ခဲ့သောဒုံးပျံများဖြစ်ပြီး အသေးစားဂြိုဟ်တုများကို အနိမ့်ပိုင်းကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက် မစ်ရှင်သည် စီးရီးစ်-၁ ဒုံးပျံများ၏စတုတ္ထမြောက်မစ်ရှင်ဖြစ်သည်။ KKO

# HEALTH

## အိမ်သုံးပလတ်စတစ်များ၌ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် သားအိမ်ဆဲလ်အစုအဝေးများကြီးထွားမှု မြင့်မားလာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၈**

ထမင်းဘူးများနှင့် အခြားအိမ်သုံး ပလတ်စတစ်အသုံးအဆောင်များ၌ပါဝင်သည့် အဆိပ်အတောက်ရှိ ဓာတုပစ္စည်းများကြောင့် အမျိုးသမီးများတွင် သားအိမ်ဆဲလ်အစုအဝေးများကြီးထွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမျိုးသမီး ၁၀ ဦးလျှင် ရှစ်ဦးမှာ ဘဝတစ်လျှောက် တစ်ချိန်ချိန်တွင် ကင်ဆာမဟုတ်သည့် ဆဲလ်အစုအဝေးများ သားအိမ်၌ပေါ်ထွက်လာမှုနှင့် ကြုံရတတ်သည်။

Fibroid Tumors ဟု ခေါ်သည့် အဆိုပါကင်ဆာမဟုတ်သည့် ဆဲလ်အစုအဝေးများသည် သာမန်အားဖြင့် ဘေးအန္တရာယ်မရှိတတ်သော်လည်း Fibroid Tumors ထွက်ပေါ်မှု လေးပုံတစ်ပုံခန့်တွင် ဆဲလ်အစုအဝေးများ ကြီးထွားမှုပို၍မြန်ဆန်လာတတ်ရာ ၎င်းဖြစ်စဉ်သည် DEHP (Diethylhexyl Pthalate) ခေါ် ဓာတုပစ္စည်းတစ်မျိုးနှင့်ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

ဓာတ်ခွဲခန်းစမ်းသပ်လေ့လာမှုများအရ ပလတ်စတစ်များခိုင်ခံ့စေရန် ထည့်သွင်းအသုံးပြုလေ့ရှိသော DEHP သည် Fibroid Tumors ဆဲလ်အစုအဝေးများ ကြီးထွားမှု လျင်မြန်စေရန်လှုံ့ဆော်ပေးတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီး ၇၁၂ ဦးတို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အော်ဒီယိုနားကြပ်များသုံးစွဲမှုနှင့် ဆူညံနှုန်းမြင့်ပျော်ဖြေပွဲများကြောင့် လူငယ်များ အကြားအာရုံချို့ယွင်းနိုင်

**စတော့ဟုမ်း နိုဝင်ဘာ ၁၈**

အော်ဒီယိုနားကြပ်များ အသုံးပြုမှုနှင့် အသံဆူညံမှုနှုန်းမြင့်မားလွန်းသော ဂီတဖျော်ဖြေပွဲများကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူငယ်လူရွယ်တစ်ဘီလီယံကျော်တို့မှာ အကြားအာရုံချို့ယွင်းမှုပြဿနာနှင့်ရင်ဆိုင်ရနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁၇ ရက်က ရေးသားတင်ပြထားသည်။

ဆွီဒင်နှင့် ဆွစ်ဇာလန်သုတေသနပညာရှင်များသည် အသက် ၁၂ နှစ်နှင့် ၃၄ နှစ်ကြား လူငယ်လူရွယ် ၂၀၀၀၀ ခန့်ပါဝင်သည့် လေ့လာချက်ပေါင်း ၃၀ ကျော်ကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အော်ဒီယိုနားကြပ်များနှင့် ဆူညံလွန်းသော ဖျော်ဖြေပွဲများကြောင့် အကြားအာရုံထိခိုက်နိုင်ဖွယ်ရှိသည့် လူငယ်လူရွယ်အရေအတွက်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ သန်း ၆၇၀ နှင့် ၁ ဒသမ ၃၅ ဘီလီယံ ကြားထိရှိနိုင်သည်ဟု သုတေသနပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဘေးကင်းလုံခြုံမှုရှိသော အသံနားထောင်မှုဆိုင်ရာ အလေ့အထများကို အားပေးမြှင့်တင်ခြင်းဖြင့် လူငယ်များ အကြားအာရုံပျက်စီးနိုင်မှုပြဿနာကို တားဆီးကြရန် သုတေသနပညာရှင်များက နိုင်ငံတကာ အစိုးရများကို တိုက်တွန်းထားကြောင်း သိရသည်။

ကြိမ်နှုန်း ၈၀ ဒက်ဆီဘယ်ရှိသောအသံများမှာ အရွယ်ရောက်သူများအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ၇၅ ဒက်ဆီဘယ်မှာ ကလေးများအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း သိရသည်။ KKO






# Nitto ATP Finals ပြိုင်ပွဲဆီမီးဖိုင်နယ်တွင် တေလာဖရစ်ဇ်နှင့် ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားရမည်

**တူရင် နိုဝင်ဘာ ၁၈**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် Nitto ATP Finals တင်းနစ်ပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်များပြီးဆုံးခဲ့ပြီးနောက် အစိမ်းရောင်အုပ်စုတွင် နော်ဝေတင်းနစ်ကစားသမားကပ်စပါရုဒ်က အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ပြီး အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်က အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အနီရောင်အုပ်စုတွင် အုပ်စုပွဲမပြီးဆုံးခင်မှာပင် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်၊ ရုရှား တင်းနစ်ကစားသမားများဖြစ်ကြသည့် မျက်ဗျက်၊ ရူဘလက်ဗ်တို့ သုံးဦးအနက်ရမှတ် အများဆုံးသူတစ်ဦးသာ အုပ်စုဒုတိယဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အစိမ်းရောင်အုပ်စုမှ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့သော တေလာဖရစ်ဇ်သည် အနီရောင်အုပ်စုမှ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သော ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း SN သတင်းဌာနက ယနေ့တွင် ဖော်ပြသွားခဲ့သည်။

တေလာဖရစ်ဇ်က"အုပ်စုအတွင်းပွဲစဉ်တွေမှာ စပေးဘောတွေကနေ အမှတ်တွေရခဲ့တယ်။ စပေးဘောအပိုင်းမှာ ဒီထက်ပိုကောင်းအောင်ကြိုးစားလေ့ကျင့်သွားမယ်။ ဒါပေမဲ့ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဂျိုကိုဗစ်နဲ့ယှဉ်ပြိုင် ကစားရမှာဖြစ်လို့ ကျွန်တော့်အတွက် ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# 2022 Globe Soccer တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုများပေးအပ်ပွဲ ယူအေအီးနိုင်ငံ၌ ကျင်းပ




**ဒူဘိုင်း နိုဝင်ဘာ ၁၈**

ဒူဘိုင်း အားကစားကောင်စီက နှစ်စဉ်ပေးအပ်ချီးမြှင့်သည့် ၂၀၂၂ Globe Soccer Award ဆုပေးပွဲအခမ်းအနားကို ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပခဲ့ရာ တစ်နှစ်တာ အကောင်းဆုံးအမျိုးသားကစားသမားဆုကို ပြင်သစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဘင်ဇီးမားကရရှိခဲ့သည်ဟု Globe Soccer.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဒူဘိုင်း အားကစားကောင်စီက Globe Soccer Award ကို ၂၀၁၀ ပြည့်နှစ်ကစတင်ပြီး ချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်သော်လည်း ပထမဆုံး ပေးအပ်သည့်နှစ်တွင် တစ်နှစ်တာအကောင်းဆုံးအားကစားဒါရိုက်တာဆု၊ တစ်နှစ်တာအကောင်းဆုံးအေးဂျင့်ဆုတို့ကိုသာ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမှသာ တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအပါအဝင် အခြားဆုများကိုထပ်တိုးပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဘင်ဇီးမားသည် 2022 Globe Soccer တစ်နှစ်တာ အကောင်းဆုံးအမျိုးသားကစားသမားဆုကိုလည်း ပထမဆုံးအကြိမ် ရရှိခဲ့သော်လည်း ဆုတက်ရောက်ယူနိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

အခြားဆုများအဖြစ် TikTok အသုံးပြုသူများ ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်းမှ ဆာလာဟ်၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဆုကို ဘာစီလိုနာအသင်းမှ ပူတဲလက်စ်၊ ထာဝရအကောင်းဆုံး ခံစစ်ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ရာမို့စ်၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသားအသင်းဆုကို ရီးရဲလ်မက်ဒရစ်အသင်း၊ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးအသင်းဆုကို လိုင်ယွန်အသင်း၊ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ရီးရဲလ်မက်ဒရစ်အသင်း နည်းပြအန်ဆယ်လော့တီ၊ တစ်နှစ်တာအကောင်းဆုံးအေးဂျင့်ဆုကို ဂျော့မန်ဒက်၊ တစ်နှစ်တာအကောင်းဆုံး အသင်းဥက္ကဋ္ဌဆုကို ရီးရဲလ်မက်ဒရစ် အသင်းဥက္ကဋ္ဌ ပီရက်ဇ်၊ တစ်နှစ်တာအကောင်းဆုံးလူငယ်အသင်းဆုကို ဘင်ဖီကာအသင်း၊ ကစားသမားသက်တမ်းတစ်လျှောက် အထူးချွန်ဆုံးကစားသမားဆုကို အီဗရာဟီမိုဗစ်ချ်၊ ရိုမာရီယိုနှင့်ဝိန်းရွန်းနီတို့က အသီးသီး ဆွတ်ခူးခဲ့ကြသည်။

STA

# လီဗာပူးအသင်းက ကာတစ်ဂျုန်းကို ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၁၈**

လီဗာပူးအသင်းသည် အသင်းတွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ကာတစ်ဂျုန်းကို ၂၀၂၇ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက်၂၁ နှစ်ရှိ ကာတစ်ဂျုန်းသည် လီဗာပူးအသင်း အကယ်ဒမီကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က အသင်းကြီးသို့ ရောက်ရှိခဲ့ရာ ၂၀၁၉ ဇန်နဝါရီလတွင် ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၈၁ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် လီဗာပူးအသင်းက စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာ ကစားသမားအနေဖြင့် အသင်းတွင် ကာလရှည်နေထိုင်ရန် ဆုံးဖြတ်ခဲ့သဖြင့် သဘောတူညီမှုရရှိခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း စာချုပ်ကိစ္စနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိကြောင်း သိရသည်။

လူငယ်ကစားသမား ကာတစ်ဂျုန်းက "ကျွန်တော်အသင်းကို ကလေးဘဝကတည်းက ရောက်ရှိခဲ့တာပါ။ ဒါကြောင့် ကျွန်တော့်ရည်မှန်းချက်နဲ့ အိမ်မက်တွေဟာ ဒီအသင်းမှာပဲ ရှိနေတာပါ။ အသင်းအနေနဲ့ စာချုပ်သစ်ကမ်းလှမ်းတဲ့အချိန်မှာအတိုင်းမသိ ပျော်ရွှင်ရပြီး ချက်ချင်းလက်မှတ်ရေးထိုးခဲ့တာပါ။ အခုလို ကျွန်တော့်ကို အခွင့်အရေးပေးတဲ့ နည်းပြအဖွဲ့တွေနဲ့အတူ အသင်းက တာဝန်ရှိသူတွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကာတစ်ဂျုန်းသည်၂၀၁၉ ခုနှစ်ကစတင်ကာအသင်းနှင့် ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ရှက်ဖီး(U) အသင်းနှင့် ကစားခဲ့ရသည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အသင်း၏ အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သကဲ့သို့ အသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု တစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကွာရာဘောင်းဖလားတစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်း တစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ML



| | |
|---|---|

**နိုင်ငံတကာခြေစမ်းပွဲစဉ် ရလဒ်များ**

| | | | | |
|---|---|---|---|---|
| ကင်မရွန်း | ၁ | - | ၁ | ပနားမား |
| ဘယ်လ်ဂျီယံ | ၁ | - | ၂ | အီဂျစ် |
| ဘာရိန်း | ၁ | - | ၅ | ဆားဘီးယား |

(ဝဋဝ)

**အားကစားသတင်း အတိုအထွာများ**

- တိုက်စစ်မှူး မာနေး၏ ဒဏ်ရာအခြေအနေမှာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်မဟုတ်ကြောင်း ဆီနီဂေါဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။
- နည်းပြဆောက်ဂိတ်နှင့် အင်္ဂလန်အသင်းတို့ကြား စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့ချိန်တွင် နည်းပြပိုချက်တီနိုက မိမိအနေဖြင့် အနာဂတ်တွင် အင်္ဂလန်အသင်းကို ကိုင်တွယ်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။
- စပိန်အသင်းလူစာရင်းမှ ဂျို့ဂါယာဒဏ်ရာရရှိခဲ့သောကြောင့် ဘာစီလိုနာအသင်းမှ လူငယ်ခံစစ်ကစားသမား ဘလိတ်ကို အစားထိုးခေါ်ယူခဲ့သည်ဟု နည်းပြ အင်းနရစ်က ပြောကြားခဲ့သည်။

ML

# RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကိုးလ်ဟမ်းမားက ဦးဆောင်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပနေသည့် RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကိုးလ်ဟမ်းမားက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်သည့် ဂရစ်ဖင်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ကောလမ်တာရင်၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျက်စတင်ဆုနှင့် ဟော့စလာတို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ကိုးလ်ဟမ်းမားသည် ပထမနေ့တွင် ကျင်း ကိုးကျင်း၌ Birdies ရိုက်ချက်များရယူနိုင်ခဲ့ပြီး နာမည်ကြီး ပြိုင်ပွဲဝင်များကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုးလ်ဟမ်းမားက "ပထမနေ့မှာ ရလဒ်ကောင်းခဲ့တယ်ဆိုပေမဲ့လဲ တချို့ကျင်းတွေမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ သဲကျင်းထဲရောက်ခဲ့တာတွေလဲရှိတယ်။ Swing ရိုက်ချက်တွေကတော့ တော်တော်လေး အဆင်ပြေခဲ့ပါတယ်။ Swing ရိုက်ချက်တွေ ကောင်းခဲ့လို့လဲ ကျွန်တော့်အနေနဲ့ ယုံကြည်မှုတွေပိုရှိလာတာပါ။ ပထမနေ့မှာ ပြီးပြည့်စုံတဲ့ပုံစံမရခဲ့ပေမဲ့လဲ အားရကျေနပ်စရာကောင်းတဲ့ ရလဒ်တွေတော့ရရှိခဲ့သလို အခွင့်အရေးကောင်းတချို့နဲ့လဲ လွဲချော်ခဲ့ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် အင်ဖန်တီနို တတိယအကြိမ် ဆက်လက်တာဝန်ယူမည်




**ဂျိန်ဗာ နိုဝင်ဘာ ၁၈**

လက်ရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့်အင်ဖန်တီနိုသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တတိယအကြိမ် ဆက်လက် တာဝန်ယူမည်ဖြစ်ကြောင်း FIFA.Com သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၂နှစ်ရှိ အင်ဖန်တီနိုသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ရာထူးမှ နုတ်ထွက်သွားခဲ့သည့် ဆပ်ဘလတ္တာနေရာတွင် ယာယီအစားထိုးတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်အဖြစ် တရားဝင်စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

လာမည့်၂၀၂၃နှစ် မတ်လတွင် ကျင်းပမည့် ဗီဖာကွန်ရက်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိအချိန်ထိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးနေရာအတွက် အင်ဖန်တီနိုတစ်ဦးတည်းသာအဆိုပြုထားပြီး ၎င်းနှင့်အပြိုင်အဆိုပြုထားသည့်ပြိုင်ဘက်တစ်ဦးမျှ မရှိသည့်အတွက် အင်ဖန်တီနိုက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တတိယအကြိမ်ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ယခင်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာသည်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ၁၇ နှစ်ကြာ ကာလရှည် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် လက်ရှိကာတာနိုင်ငံကို ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် သတ်မှတ်ပေးရာတွင် လာဘ်ယူဆောင်ခြင်းနှင့် အတူ အခြားလာဘ်ပေးလာဘ်ယူမှုများကြောင့် ရာထူးမှ ဖြုတ်ချခံခဲ့ရပြီးနောက် လက်ရှိအချိန်ထိ အင်ဖန်တီနိုကအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ကာလရှည်တာဝန်ထမ်းဆောင်လျက်ရှိပြီး လာမည့်ရွေးကောက်ပွဲတွင်လည်း ပြိုင်ဘက်မရှိခဲ့သကဲ့သို့ ကန့်ကွက်သူလည်းမရှိသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တတိယအကြိမ် ဆက်လက်တာဝန်ထမ်းဆောင် ရခြင်းဖြစ်ကြောင်း သိရသည်။ STA

## ဂွန်ဇာလက်၏နေရာအတွက် အေတီကိုအသင်းမှ ကော်ရီယာကို နည်းပြစကာလိုနီ အစားထိုးခေါ်ယူ

**ဗျူနိုအေရိစ် နိုဝင်ဘာ ၁၈**

အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီက ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် အာဂျင်တီးနားအသင်းအတွက် ဒဏ်ရာရရှိနေသည့် ဂွန်ဇာလက်၏နေရာတွင် အေတီကိုအသင်းမှ ကော်ရီယာကို အစားထိုး ခေါ်ယူခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဂျင်တီးနား အသင်းသည် အပြီးသတ် ကစားသမားစာရင်းထုတ်ပြန်ထားပြီ ဖြစ်သော်လည်း ပြိုင်ပွဲမတိုင်မီထိ ကစားသမားအပြောင်းအလဲ ပြုလုပ်နိုင်သည့်အတွက် ယခုအခါ နည်းပြ စကာလိုနီက ကစားသမားအပြောင်းအလဲ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြစကာလိုနီက"ကျွန်တော်တို့ လက်ရှိအသင်းရဲ့ အပြီးသတ်ကစားသမားစာရင်းအတည်ပြုထားတယ်ဆိုပေမဲ့ မသေချာသေးပါဘူး။ ကစားသမား အပြောင်းအလဲတွေပြုလုပ်နိုင်ပါတယ်။ လက်ရှိ ရွေးချယ်ထားတဲ့ ကစားသမားတွေအားလုံး ပြိုင်ပွဲဝင်ကစားသမားတွေ မဟုတ်သေးပါဘူး။ ကြံ့ခိုင်မှု မပြည့်ဝသေးတဲ့ ကစားသမားတွေကို ဆက်လက်ပြီး စောင့်ကြည့်နေပါတယ်။ ကျွန်တော်တို့အတွက်ကစားသမားအပြောင်းအလဲလုပ်ဖို့ ရက်တွေကျန်ပါသေးတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိ အာဂျင်တီးနားအသင်း အပြီးသတ် ကစားသမားစာရင်းတွင် ကော်ရီရာကို ခေါ်ယူအစားထိုးမှုပြုလုပ်ခဲ့ပြီးနောက် ဗိုင်ဘာလာ၏နေရာတွင်လည်း မန်ယူအသင်းနှင့် ပုံစံကောင်း ပြသလျက်ရှိနေသည့် လူငယ်ကစားသမား ဂါနာချိုကို အစားထိုးခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

STA

## စပိန်အသင်းအတွက် ကစားပေးရန် အသင့်ရှိနေဟု ဒီဂီယာပြောကြား

**မက်ဒရစ် နိုဝင်ဘာ ၁၈**

မန်ယူအသင်းဂိုးသမား ဒီဂီယာသည် စပိန်အသင်းကစားသမားဘဝမှ အနားယူရန် မကြေညာသေးသော်လည်း စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘိုင်ယာလက်က အနားယူရန် ဖိအားပေးမှုများပြုလုပ်ခဲ့ပြီး စာပို့အကြောင်းကြားခဲ့သော်လည်း ဒီဂီယာက ကစားသမားဘဝမှ အနားယူမည်မဟုတ်ဘဲ ကစားပေးရန်အသင့်ရှိနေသည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း မန်ချက်စတာညနေခင်း သတင်းဌာနကယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။




ဂိုးသမားဒီဂီယာသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသလျက်ရှိသော်လည်း လာမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ကစားမည့် နည်းပြ အင်းနရစ်၏ စပိန်အသင်း ကစားသမားစာရင်းတွင် ပဏာမကစားသမားစာရင်းထုတ်ပြန်ကတည်းက ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဘိုင်ယာလက်က "နောက်ဆုံးမှာ ဒီဂီယာအနေနဲ့ အနားယူဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ လက်ရွေးစင်အသင်းကနေ ထွက်ခွာတော့လို့ အစောကတည်း ပြောခဲ့ပြီးသားပါ"ဟု စာပို့အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

သို့သော် ဒီဂီယာက"ကျွန်တော် လက်ရွေးစင် ကစားသမားဘဝမှ အနားယူပြီလို့ တစ်ခါမှ မပြောခဲ့ပါဘူး။ လက်ရှိနည်းပြက ကျွန်တော့်ကို စပိန်အသင်းမှာ အသုံးပြုဖို့မစဉ်းစားဘူးလို့တော့ ပြောထားပါတယ်။ ဒါပေမဲ့ ကျွန်တော်ဘယ်တုန်းကမှ လက်ရွေးစင်အသင်းကနေ အနားယူဖို့ မစဉ်းစားပါဘူး။ ကျွန်တော့်ကို အသင်းက ပြန်လည်ရွေးချယ်မယ်ဆိုရင် ကစားပေးဖို့အဆင့်သင့်ပါပဲ"ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ ဒီဂီယာသည် စပိန်အသင်းအတွက် နိုင်ငံတကာပြိုင်ပွဲစုံ ၄၅ ပွဲပါဝင်ကစားထားသော်လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်း ကစားခွင့်များနည်းပါးခဲ့ပြီး လက်ရှိ စပိန်အသင်းနည်းပြ အင်းနရစ်လက်ထက်တွင် အသင်းကစားသမားစာရင်းမှ ရွေးချယ်ခံရခြင်း မရှိတော့ကြောင်း သိရသည်။

STA

## စပါးအသင်းက စပို့တင်းလစ္စဘွန်းအသင်းမှ ခံစစ်ကစားသမား ပေါ်ရိုကို ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၁၈**

ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခံစစ်ပိုင်းထပ်မံဖြည့်တင်းရန် ပြင်ဆင်နေသည့် စပါးအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းညာတောင်ပံခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ပေါ်ရိုကို ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပေါ်ရိုသည် မန်စီးတီးအသင်း ကစားသမား တစ်ဦးဖြစ်သော်လည်း အသင်းနှင့် ပွဲထွက်ခွင့်မရဘဲ အငှားစာချုပ်ဖြင့်သာ အချိန်ကုန်ခဲ့ရပြီး စပို့တင်းလစ္စဘွန်းအသင်းသို့ ၂၀၂၀ ပြည့်နှစ်က နှစ်ရာသီ အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းက စတာလင်ပေါင်ခုနစ်သန်းဖြင့် အပြီးသတ်ဝယ်ယူခဲ့သည်။

၎င်းသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲတွင် ခြေစွမ်းပြသနိုင်ခဲ့ကာ ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း စပါးအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ၎င်း၏ ခြေစွမ်းပိုင်းကို သဘောကျနှစ်သက်နေသည့်နည်းပြကွန်တီက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ခံစစ်ကစားသမား ပေါ်ရိုသည် အသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းတန်ကြေးရှိသည့် ပေါ်ရိုကို တရားဝင်ကမ်းလှမ်းမှုရှိလာပါက စပို့တင်းလစ္စဘွန်းအသင်း တာဝန်ရှိသူများက ရောင်းချရန်စီစဉ်နေပြီး လက်ရှိအချိန်တွင် ၎င်းကို စပါးအသင်းအပြင် အေတီကို၊ ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူနိုင်ရန် ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။ ML




## ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ပြောကြား

**ရောမ နိုဝင်ဘာ ၁၈**

အေစီမီလန်အသင်း တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ဘောလုံးကစားနိုင်ခြင်းမရှိဘဲ အနားယူနေရသော်လည်း ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် ပြီးခဲ့သည့် ဘောလုံးရာသီပြီးဆုံးခါနီးတွင် ရရှိခဲ့သည့်ဒူးဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်း မရှိသော်လည်း အသင်းအနေဖြင့် ချန်ပီယံဆုရရှိခဲ့သဖြင့် ၎င်းကို တစ်နှစ်သက်တမ်းတိုးခဲ့ပြီးနောက်၎င်းသည် ယခုနှစ်ဘောလုံးရာသီ၌ ဒူးဒဏ်ရာခွဲစိတ်မှု နှစ်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ရသဖြင့် လက်ရှိအချိန်ထိ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

အီဗရာဟီမိုဗစ်ချ်က"ကျွန်တော့်အနာဂတ်နဲ့ပတ်သက်ပြီး အနားယူဖို့ အစီအစဉ်မရှိသေးပါဘူး။ ကျွန်တော့်အနေနဲ့ ကွင်းထဲမှာ ဘောလုံးပြန်ကစားဖို့ ဆန္ဒရှိပါတယ်။ လက်ရှိမှာ ဒဏ်ရာပြန်လည်သက်သာလာတဲ့အတွက် မကြာခင် ကွင်းအတွင်းပြန်လည် ရောက်ရှိမယ်လို့မျှော်လင့်ပါတယ်" ဟု အင်တာဗျူး အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၄၁ နှစ်ရှိ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် အေစီမီလန်အသင်းသို့ ၂၀၁၉ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပြိုင်ပွဲစုံ ၆၀ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၃၃ ဂိုးထိသွင်းယူ၍ ပြီးခဲ့သည့်နှစ်ကအသင်းကို ချန်ပီယံဆုရရှိအောင်ကူညီပေးခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် အေစီမီလန်အသင်းက အသက်အရွယ်အရ အကျပိုင်းရောက်ရှိနေပြီး ဒဏ်ရာပြဿနာရှိနေသော်လည်း လာမည့် ၂၀၂၃ ခုနှစ် ဇွန်လထိ တစ်နှစ်စာချုပ်သက်တမ်းတိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ML

ခရီးသွားဆောင်းပါး

# မြင့်မားသီခေါင် ပြက္ခရွေတောင်

သက်နိုင်(ပြင်ဦးလွင်)

ပုဂံခေတ်က အနော်ရထာမင်းကြီးတည်ထား ကိုးကွယ်ခဲ့တဲ့ စွယ်တော်မြတ်စေတီတော်၊ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်တည်ရှိရာ မြစ်သားမြို့နယ် ကူမဲမြို့အနီးက ပြက္ခရွေတောင်ထိပ်ပေါ်ကို ရောက်ရှိလာကြပါပြီ။ ပေပေါင်း ၃၇၇၃ ပေမြင့်တဲ့ တောင်ထိပ်ပေါ်ကို ကားတွေ၊ ဆိုင်ကယ်တွေ၊ ဓာတ်လှေကားတွေ၊ စောင်းတန်းလှေကားထစ်တွေကနေတစ်ဆင့် လွယ်လွယ်ကူကူ၊ သက်သက်သာသာနဲ့ ရောက်ရှိလာခဲ့ကြတာမဟုတ်ဘဲ တောတောင်အထပ်ထပ် လျှိုမြောင်အသွယ်သွယ်ကို ခဲရာခဲဆစ်နဲ့ ပင်ပင်ပန်းပန်း တစ်ဆင့်ပြီးတစ်ဆင့် ကျော်ဖြတ်ပြီးမှ အောင်အောင်မြင်မြင် ရောက်ရှိလာခဲ့ကြတာပါ။

တောင်ပေါ်ထိပ်က စေတီတော်အဝင်မုခ်ဦးကို ကျော်ဖြတ်ပြီးတာနဲ့ စွယ်တော်မြတ်စေတီတော်ကြီးကို အနီးကပ်ဖူးတွေ့ရတယ်။ တောင်ထိပ်ပေါ်ရောက်ချိန် နှစ်နာရီခွဲကျော်အောင် တောတွင်းလမ်းခရီးကြမ်းကြမ်းအတိုင်း တက်ရောက်ခဲ့ကြရတာကြောင့် တောင်ပေါ်ကိုရောက်ရောက်ချင်း အမောပြေအပန်းဖြေဖို့နေရာကို အရင်ရှာဖွေကြရတယ်။ ပြက္ခရွေတောင်ပေါ်ကို တက်ရောက်ကြဖို့ စတင်စုံစမ်းမေးမြန်းထားတုန်းက တောင်ပေါ်မှာ ဘာဆိုင်မှမရှိဘူးဆိုတာကြောင့် သူငယ်ချင်းအိမ်ရှိရာ ရွာခိုင်ကြီးကျေးရွာကတည်းက ထမင်းဟင်းတွေနဲ့အတူ စားသောက်စရာ အစုံအလင်ကို စီစဉ်ထုပ်ပိုးယူဆောင်လာခဲ့ကြရတယ်။ ဒါပေမဲ့ ထမင်းဟင်းတွေ၊ စားသောက်စရာတွေအားလုံးက ကားရပ်ထားခဲ့ရတဲ့ မောနားတောင်မှာ ကျန်ရစ်နေခဲ့ကြတယ်။ တောင်ပေါ်မတက်မီ မနက်စောစောကတည်းက အဆာခံအောင် ကောက်ညှင်းပေါင်းနဲ့ အကြော်တွေကို ဝဝလင်လင် စားထားခဲ့ကြပြီး တောင်ပေါ်ကပြန်ဆင်းလာချိန် ကားနားရောက်မှ ထမင်းစားကြတော့မယ်ဆိုတဲ့ အစီအစဉ်က တက်တက်စင်အောင် လွဲမှားသွားခဲ့ရတယ်။

တောင်ပေါ်ထိရောက်အောင် အချိန်ကြာကြာ ပင်ပင်ပန်းပန်း တက်ရောက်လာခဲ့ရတာနဲ့အမျှ တောင်ပေါ်ကိုရောက်တာနဲ့ မနက်ကစားထားခဲ့ကြတဲ့ ကောက်ညှင်းပေါင်းနဲ့အကြော်တွေက ဘယ်ဆီဘယ်ဝယ် ရောက်သွားမှန်းမသိတော့ဘဲ ဆာလောင်မွတ်သိပ်လာကြတော့တယ်။ အဆာခံတယ်ဆိုတဲ့ ကောက်ညှင်းပေါင်းတွေနဲ့ တောင်ပေါ်ကိုတက်ရင် ထမင်းချိုင့်၊ ဟင်းချိုင့်၊ အထုပ်အပိုးကို သယ်ဆောင်သွားကြရမှာ လေးလံအလုပ်ရှုပ်တယ်ဆိုတဲ့ ပျင်းခဲ့တဲ့စိတ်တွေက အခုချိန်မှာ ဒုက္ခရောက်နေကြပါပြီ။

ဒါပေမဲ့ ကံကောင်းထောက်မစွာနဲ့ နားနေအပန်းဖြေစရာနေရာအပါအဝင် စားသောက်စရာတွေကို ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားသောက်ကြရတယ်။ တောင်ပေါ်ကို နှစ်စဉ်အဓိဋ္ဌာန်စခန်းလာဝင်နေကြတဲ့ ယောဂီအမျိုးသမီးကြီးနှစ်ယောက်က သူတို့ချက်ပြုတ်ထားကြတဲ့ ထမင်းတွေကို လက်ဖက်သုပ်၊ ချဉ်းသုပ်၊ ခေါက်ဆွဲပြုတ်တွေနဲ့ စေတနာပါပါ ဧည့်ခံကျွေးမွေးကြလို့ပါ။ ယောဂီအမျိုးသမီးကြီးတွေရဲ့ပြောပြချက်အရ သူတို့က ရန်ကုန်မြို့က လာကြတာဖြစ်ကြောင်း၊ တောင်ပေါ်မှာ အဓိဋ္ဌာန်ဝင်တာ ၇၈ ကြိမ် ရှိနေပြီဖြစ်ကြောင်း၊ ဒီလိုအဓိဋ္ဌာန်ဝင်နေရင်းနဲ့ တောင်ပေါ်ကိုရောက်လာကြသူတွေ စားသောက်ဖို့အတွက် ဝယ်ယူဆောင်ထားမြဲဖြစ်ကြောင်း သိလိုက်ရတယ်။ အဓိဋ္ဌာန်ဝင် တရားကျင့်ကြံအားထုတ်နေရင်း တောင်ပေါ်ရောက်လာသူတွေကို ကျွေးမွေးဧည့်ခံနေကြတာပါ။

နယ်ခံလမ်းပြက ပြက္ခရွေတောင်ကို သုံးခေါက်တက်ပြီးရင် မိခင်နို့ဖိုးကျေတယ်လို့ ပြောပြထားတယ်။ ဒါပေမဲ့ တောင်တက်ခရီးလမ်းက ခက်ခဲပင်ပန်းကြမ်းတမ်းလွန်းတာကြောင့် နို့ဖိုးမကျေရင်လဲ နေပါစေတော့ သုံးခေါက်တက်ရောက်ဖို့ဆိုတာ မလွယ်ကူနိုင်ဘူးဆိုပြီး စဉ်းစားတွေးတောလိုက်မိခဲ့ပေမဲ့ ယောဂီအဒေါ်ကြီးနှစ်ယောက်က တောင်ပေါ်တက်ပြီး အဓိဋ္ဌာန်ဝင်တာ ၇၈ ကြိမ်ရှိနေပြီဆိုတာကို သိလိုက်ရလို့ အံ့သြသွားခဲ့ရတယ်။ ဒေသခံတွေအားလုံးကလဲ တောင်ပေါ်ကို သုံးခေါက်တက်ပြီးရင် မိခင်နို့ဖိုးကျေတယ်ဆိုတဲ့အဆိုကို လက်ခံယုံကြည်နေကြပေမဲ့ တစ်ခေါက်တစ်ကြိမ်လောက်တောင် မတက်ဖူး၊ မရောက်ဖူးကြသူတွေရှိပါတယ်။

ဇရပ်လေးမှာနားပြီး ယောဂီအဒေါ်ကြီးနှစ်ယောက် ဧည့်ခံကျွေးမွေးတာတွေကို စားသောက်ပြီးတာနဲ့ တောင်ပေါ်မှာ စတင်လေ့လာကြရတယ်။ တောင်ထိပ်ရင်ပြင်တော်က ကျယ်ဝန်းလှတာမဟုတ်ပါဘူး။ အလယ်တည့်တည့်မှာ ဉာဏ်တော်အမြင့် ၈၁ ပေ၊ အလျား ၈၁ ပေ၊ အနံ ၈၁ ပေပတ်လည်ရှိတဲ့စေတီတော်ကြီး တည်ရှိနေတယ်။ စေတီတော်ကြီးရဲ့ အောက်ခြေမှာ ၁၅ ပေကျော်၊ ပေ ၂၀ လောက်သာ ကျယ်ဝန်းတဲ့ ကြွေပြားဖြူခင်း အာရုံခံရင်ပြင်ရှိပါတယ်။ စေတီတော်ကြီးရှိရာကို မြောက်ဘက်မုခ်ဦးကနေ တက်ရောက်လာခဲ့ရပြီး အရှေ့ဘက်နဲ့တောင်ဘက်မှာ အလွန်နက်ရှိုင်းတဲ့ ချောက်ကြီးတွေပါ။ အနောက်ဘက်နဲ့ အနောက်မြောက်ဘက်မှာ နက်ရှိုင်းလှတဲ့ ချောက်ကြီးတွေမဟုတ်တော့ဘဲ ဆင်ခြေလျှောအနည်းငယ် နိမ့်ဆင်းသွားတယ်။

စေတီတော်ကြီးမှာ "အနော်ရထာမင်းကောင်းမှု စေတီ"ဆိုပြီး ရေးထိုးထားတာကို တွေ့မြင်နေရတယ်။ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်နေရာက စေတီတော်ရဲ့ အရှေ့တောင်ထောင့်မှာရှိနေပြီး "မြန်မာပြည် အလယ်ဗဟိုဌာန သာသနာ့အောင်မြေ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်"လို့ ရေးသားထားတဲ့ အုတ်ခုံပေါ်မှာ သံတိုင်သံပြား သာသနာ့အလံတစ်ခုကို စိုက်ထူထားသလို အုတ်ခုံကိုလဲ သံတန်းတွေနဲ့ ကာရံပေးထားတယ်။ ဒီနေရာရဲ့ အနောက်ဘက်ကပ်လျက် ငါးပေလောက်အကွာမှာ လူကြီးတစ်ယောက်ရဲ့ ရင်စို့လောက်ရှိတဲ့ အုတ်ခုံဝိုင်းအဖြူကြီးတစ်ခုရှိနေတယ်။ အုတ်ခုံဝိုင်းနေရာက အင်္ဂလိပ်တွေသတ်မှတ်ပေးထားခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်နေရာဖြစ်ပြီး လက်ရှိနေရာက နောက်ပိုင်းကာလတွေမှာ မြန်မာလူမျိုးတွေ ထပ်မံသတ်မှတ်ခဲ့တဲ့ အလယ်ဗဟိုချက်နေရာဖြစ်ကြောင်း သိလိုက်ရပါတယ်။ အင်္ဂလိပ်တွေ သတ်မှတ်ခဲ့တဲ့နေရာနဲ့ မြန်မာတွေထပ်မံသတ်မှတ်ထားတဲ့နေရာက ငါးပေလောက်သာ ကွာဝေးနေပါတယ်။ တကယ်လို့ မြန်မာတွေ ထပ်မံသတ်မှတ်ခဲ့တဲ့နေရာက လက်ရှိနေရာထက် အရှေ့ဘက် သို့မဟုတ် တောင်ဘက်ကို ငါးပေလောက်သာ ရောက်ရှိသွားမယ်ဆိုရင် မြန်မာနိုင်ငံရဲ့အလယ်ဗဟိုချက်နေရာက ပေထောင်ချီနက်တဲ့ တောင်အောက်ချောက်ထဲကို ရောက်ရှိသွားမှာပါ။

စွယ်တော်မြတ်စေတီတော် တည်ရှိနေတဲ့ ပြက္ခရွေတောင်က အရှေ့ဘက်နဲ့ တောင်ဘက်မှာ အလွန်နက်ရှိုင်းတဲ့ ချောက်ကြီးတွေပါ။ တောင်ပေါ်ကနေ တောင်အောက်ကို လေ့လာကြည့်ရှုတဲ့အခါ တိမ်တွေရစ်ဆိုင်းနေတာကြောင့် ဘာကိုမှမမြင်၊ မတွေ့ရပါဘူး။ စေတီတော်ကြီးကို တစ်ပတ်ရစ်လှည့်လည်ပူဇော်နေရင်း မထင်မှတ်ဘဲ နေဇာပွင့်သွားတာကြောင့် တောင်အောက်ကို တစ်ခဏတာ မြင်တွေ့လိုက်ရတယ်။ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းတွေက သစ်ပင်၊ သစ်တောကြီးတွေ၊ တောင်အထပ်ထပ်တွေ၊ တိမ်စိုင်တိမ်ခဲ ဖြူဖြူလွလွတွေ၊ ကွေ့ကွေ့ကောက်ကောက် မြစ်ချောင်းအသွယ်သွယ်နဲ့ ရွာစဉ်ရွာတန်းစုစုတွေပါ။ ဒါပေမဲ့ စက္ကန့်ပိုင်းလောက်သာ ဖျတ်ခနဲမြင်တွေ့ခွင့်ရလိုက်ပြီး တိမ်တွေထပ်တက်လာတာကြောင့် လှလှပပရှုခင်းတွေက မြင်ကွင်းကနေ ချက်ချင်း ပျောက်ကွယ်သွားခဲ့ရတယ်။



ပြက္ခရွေတောင်ပေါ်ရှိ နေရာတစ်နေရာကို တွေ့ရစဉ်။

ပြက္ခရွေတောင်ပေါ်က စေတီတော်ကြီးကို စွယ်တော်မြတ်စေတီလို့ ခေါ်ဆိုရတဲ့အကြောင်းရင်းက ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်၊ တန့်ကြည်တောင်စွယ်တော်မြတ်စေတီတော်၊ လောကနန္ဒာစွယ်တော်မြတ်စေတီတော်၊ တုရင်တောင် စွယ်တော်မြတ်စေတီတော်တို့နှင့်အတူ ပြက္ခရွေတောင်စေတီတော်ကိုလဲ စွယ်တော်မြတ်စေတီတော်တစ်ဆူအဖြစ် တည်ထားခဲ့တာကြောင့် စွယ်တော်မြတ်စေတီတော် ငါးဆူထဲမှာ ပါဝင်သွားခဲ့တာဖြစ်ကြောင်း စေတီတော်သမိုင်းအရ သိလိုက်ရတယ်။ စေတီတော်တွေရဲ့သမိုင်းတွေကတော့ အရှည်ကြီးပါ။ အနော်ရထာမင်းကြီးကို သိကြားမင်းရဲ့ အိပ်မက်ပေးချက်အရ သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့တဲ့ စေတီတော်တစ်ဆူကို ဖျက်ပြီး နဖူးသင်းကျစ်တော်ဓာတ်ကို ပုဂံမြို့ရှိရာ ပင့်ဆောင်တော်မူလာခဲ့တယ်။ ရှင်အရဟံရဲ့တိုက်တွန်းချက်အရ နဖူးသင်းကျစ်တော် ဓာတ်တော်တွေကို ရတနာဆင်ဖြူထက်တင်ပြီး မွေတော်မြတ်ကိန်းဝပ်တော်မူလိုသောအရပ်မှာ ဆင်ဖြူဝပ်စေသော်လို့ အဓိဋ္ဌာန်တော်မူပြီးမှ ဆင်ဖြူတော်ကို လွှတ်တော်မူလိုက်တယ်။ ဒီလိုနဲ့ ဆင်ဖြူတော်ဝပ်တဲ့နေရာ ငါးနေရာမှာ စွယ်တော်မြတ်စေတီတော်ဆိုပြီး စေတီတော်တွေကို တည်ထားခဲ့တယ်။ အခုလဲ ဆင်ဖြူတော်က မောနားတောင်မှာ ခဏနားနေ လဲလျောင်းပြီးမှ ရှေ့ကိုဆက်သွားပြီး ပြက္ခရွေတောင်ထိပ်မှာဝပ်တော်မူတယ်လို့ဆိုပါတယ်။ ဒါကြောင့် မောနားတောင်မှာ စေတီတော်တစ်ဆူ၊ ပြက္ခရွေတောင်ပေါ်မှာ စေတီတော်တစ်ဆူတည်ထားခဲ့တယ်။ ဒါပေမဲ့ ဆင်ဖြူတော်က မောနားတောင်မှာ ခဏတာသာနားနေခဲ့ပြီး ဝပ်ခြင်းမပြုဘဲ ပြက္ခရွေတောင်ပေါ်ရောက်မှသာ ဝပ်ခဲ့တာကြောင့် ပြက္ခရွေတောင်ပေါ်ကစေတီကို စွယ်တော်မြတ်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့ပါတယ်။

တောင်ပေါ်မှာ နောက်ထပ်လေ့လာစရာတွေက အနော်ရထာမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းဆောင်ကြီးတွေနဲ့ သက်တမ်းရင့်သပြေပင်ကြီးနှစ်ပင်ပါ။ ကျောင်းဆောင်တွေက အိုမင်းဟောင်းနွမ်းပြီး ပျက်စီးစပြုနေပါပြီ။ ဒါပေမဲ့ အနုပညာမြောက်လှတဲ့ ရုပ်လုံးရုပ်ကြွ၊ ခြူးခက်ပန်းနွယ် ပုဂံခေတ်လက်ရာတချို့ကို အခုချိန်ထိ မြင်တွေ့နေရပါသေးတယ်။ ထူးခြားမှုအနေနဲ့ ကျောင်းဆောင်ကြီးတွေရဲ့ ကုသိုလ်ရှင်ကို မှတ်တမ်းရေးထိုးတဲ့အခါ အနော်ရထာမင်းကြီးနဲ့အတူ သမီးတော်တွေရဲ့အမည်ကိုပါ ရေးထိုးထားတာပါ။ သမီးတော်တွေရဲ့အမည် တစ်ပိုင်းတစ်စ မြင်တွေ့နေရတယ်။ ပြက္ခရွေတောင်ပေါ်က ကျောင်းဆောင်တွေမှာရေးထားတဲ့ အလှူမှတ်တမ်းခုနှစ်သက္ကရာဇ်တွေနဲ့ မောနားတောင်ပေါ်က စေတီတော်မှာ ရေးထိုးထားတဲ့ အလှူမှတ်တမ်း ခုနှစ်သက္ကရာဇ်တွေက တစ်ခုနဲ့တစ်ခု မတူညီကြဘဲ ကွဲပြားနေကြတာကလဲ ထူးခြားမှုတစ်ခုလိုဖြစ်နေတယ်။ နောက်ထပ်ထူးခြားမှုတစ်ခုက တောင်ထိပ်ပေါ်က သပြေပင်ကြီးနှစ်ပင်ပါ။

ပြက္ခရွေတောင်ရဲ့ အရှေ့မြောက်ထောင့်နဲ့ အနောက်မြောက်ထောင့်တွေမှာ သပြေပင်ကြီးတွေ တစ်ထောင့်တစ်ပင်ရှိနေကြတယ်။ တစ်နည်းဆိုရရင် တောင်ပေါ်ကိုရောက်ရောက်ချင်း မုခ်ဦးကနေဝင်လိုက်တာနဲ့ လက်ယာဘက်ထောင့်မှာ တစ်ပင်၊ လက်ဝဲဘက်ထောင့်မှာ တစ်ပင်ပါ။ သပြေပင်ကြီးတွေက နှစ်ပေါင်း တစ်ထောင်ကျော်ရှိနေကြပြီဖြစ်ကြောင်း ဆိုကြသလို ကြီးကြီးမားမားကြီးတွေပါ။ လက်ယာဘက် အနောက်မြောက်ထောင့်မှာရှိနေတဲ့ သပြေပင်ကြီးက ပိုကြီးပါတယ်။ သပြေပင်ကြီးရဲ့ အတိုင်းအတာကို သိရအောင် မိမိအပါအဝင် ဆရာ ဦးသူထက်ကျော်၊ သူငယ်ချင်း လှမြင့်နဲ့ နယ်ခံလမ်းပြတို့ လေးယောက် လက်တွေဆန့်တန်းတိုင်းတာကြည့်ကြတာ ပင်စည်ကြီးရဲ့ အရွယ်အစားက လူလေးယောက်ဖက်စာရှိနေတယ်။ လက်ဝဲဘက် အရှေ့မြောက်ထောင့်မှာရှိနေတဲ့ သပြေပင်ကြီးကတော့ အနည်းငယ်သေးပြီး လူသုံးယောက်ဖက်စာသာရှိနေတယ်။ သပြေပင်ကြီးတွေရဲ့ သက်တမ်းက နှစ်တစ်ထောင်ကျော်ရှိနေပြီဆိုတာကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ နီးစပ်တဲ့လူကြီးသူမ ပညာရှင်တွေကို မေးမြန်းစုံစမ်းကြည့်တဲ့အခါ ဖြစ်နိုင်ကြောင်းနဲ့ ဒီလိုသက်တမ်းရင့်သစ်ပင်ကြီးတွေရှိကြောင်း၊ သပြေပင်တွေကလဲ နှစ်ထောင်ချီသက်တမ်းရှည်တတ်ကြကြောင်း သိလိုက်ရတယ်။

လက်ယာဘက်ထောင့်အကြီးဆုံးသပြေပင်ကြီးရဲ့ အောက်မှာ ရုပ်တုနှစ်ခုရှိနေတယ်။ ရုပ်တုတစ်ခုက အနော်ရထာမင်းရဲ့ ရုပ်တုဖြစ်ပြီး လက်အုပ်ချီထိုင်ကန်တော့နေတာပါ။ ကန်တော့ခံနေတဲ့ရုပ်တုက မြတ်စွာဘုရားရှင်လား၊ ရဟန္တာတစ်ပါးပါးလား၊ သံဃာတော်တစ်ပါးပါးလားဆိုတာကို ဘာစာမှရေးထိုးမထားလို့ ကွဲကွဲပြားပြားမသိရသလို ရုပ်တုတော်ကလဲ ဘုရားရှင်နဲ့ သံဃာတော် အတိအကျဝေခွဲရခက်နေတယ်။ နောက်ထပ်တစ်ခုက ရုပ်တုနှစ်ခုရဲ့ဘေးမှာ ရတနာကြုတ်တင်ထားတဲ့ ဆင်ဖြူတော်တစ်ကောင်ဝပ်နေတဲ့ ရုပ်တုတစ်ခုလဲရှိနေပြန်တယ်။ ဒါပေမဲ့ ဆင်ဖြူတော်မှာ နှာမောင်းမပါတာကြောင့် ခန္ဓာကိုယ်ကသာ ဆင်ပုံဖြစ်နေပြီး ခေါင်းပုံစံက နွားခေါင်းပုံနဲ့တူနေတယ်။ တောင်ပေါ်မှာ သမိုင်းအတိအကျကို မေးမြန်းရမဲ့သူလဲ မရှိ၊ သမိုင်းစာအုပ်လဲမရှိနဲ့ နောက်မှ ရှာဖွေစုံစမ်းလေ့လာရတော့မှာပါ။

ဘာပဲဖြစ်ဖြစ် ပြက္ခရွေတောင်ထိပ်ထိ အောင်အောင်မြင်မြင်ရောက်ရှိလာပြီး လေ့လာစရာရှိတာတွေကို ကြည့်ရှုလေ့လာကြရတာ အကျိုးကျေးဇူးများပြားလှပါတယ်။ တောင်ပေါ်မှာ ဘုရားကန်တော့လေ့လာကြည့်ရှုကြပြီးရင် အလွန်သာယာလှပတယ်ဆိုတဲ့ ကင်းတားဆည်ရှိရာကို ခရီးဆက်ကြရပါအုံးမယ်။ အချိန်ရတုန်း တောင်ပေါ်မှာ ဆက်လက်လေ့လာပြီးမှ တောင်အောက်ကို ပြန်ဆင်းကြမှာပါ။

# ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် လူသုံးများသည့် မီးဖိုချောင်သုံးပစ္စည်းများ အဓိကထုတ်လုပ်ပေးနေရ



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် လူသုံးများသည့် မီးဖိုချောင်သုံးပစ္စည်းများ အဓိကထုတ်လုပ်ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ငွဲစုံပန်းပုနှင့် ပန်းပွတ်လုပ်ငန်း ပိုင်ရှင် ဦးအောင်နိုင်သူက ပြောပြ၍ သိရသည်။

အဆိုပါလုပ်ငန်းများကို ကိုဗစ်-၁၉ ကူးစက်မှုနှုန်းများသည့်ကာလက ခေတ္တနားခဲ့ရသော်လည်း ယခုနောက်ပိုင်းကာလများတွင် ပြန်လည်၍ ဆက်လက်ထုတ်လုပ်နေရကြောင်း၊ အဆိုပါ ပစ္စည်းများကို ရန်ကုန်၊ မော်လမြိုင်၊ မန္တလေးမြို့ တို့သို့ အဓိကတင်ပို့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာကတော့ မီးဖိုချောင်သုံးပစ္စည်းတွေ ဈေးကွက်ကောင်းတဲ့ သဘောရှိပါတယ်။ သစ်သားငရုတ်ဆုံတွေ၊ စဉ်းတီတုံးတွေ၊ သစ်သားယောက်မတွေ သစ်သားလင်ပန်းတွေ ဈေးကွက်ကြီးကြီးမားမားရှိနေပါတယ်။ ငရုတ်ဆုံဆိုရင်လဲ အရွယ်အစားသုံးမျိုးလောက်ကို အရေအတွက် ၁၅၀၀ လောက် ထုတ်နေရပါတယ်။ သစ်သားယောက်မဆိုရင်လဲ အရွယ်အစားသုံးမျိုးလောက်ကို အရေအတွက် ၂၀၀၀ ကျော်လောက် ထုတ်နေရပါတယ်"ဟု ဦးအောင်နိုင်သူက ပြောပြသည်။

ဈေးကွက်အတွင်း အမှာများသည့် သစ်သားငရုတ်ဆုံများမှာ ယိုးဒယားပုံစံ ငရုတ်ဆုံဖြစ်ပြီး အရွယ်အစားမှာ အဝအကျယ် ၇ ဒသမ ၅ လက်မ၊ အမြင့် ၇ ဒသမ ၅ လက်မရှိပြီး ဈေးနှုန်းမှာ တစ်လုံးလျှင် ငွေကျပ် ၃၈၀၀၀ ရှိကြောင်း၊ မြန်မာငရုတ်ဆုံများမှာလည်း အမှာများပြီး အရွယ်အစား အဝအကျယ် ငါးလက်မ၊ အမြင့် ငါးလက်မရှိကာ ဈေးနှုန်းမှာ ငွေကျပ် ၁၇၀၀၀ ရှိကြောင်း သိရသည်။

သစ်သားငရုတ်ဆုံများကဲ့သို့ သစ်သားယောက်မများမှာလည်း အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိပြီး အရွယ်အစားစုံ၊ ပုံစံစုံ သစ်သားယောက်မများကို လစဉ်အရေအတွက် ၂၀၀၀ ခန့် ထုတ်လုပ်နေကြောင်း သိရသည်။

ASH

# သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဝင်ငွေနည်းမိသားစုများကို ထမင်းနှင့် ကြက်သားဟင်း လှူဒါန်းခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ဝင်ငွေနည်းမိသားစုများကို သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များက ထမင်းနှင့် ကြက်သားဟင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် အေးသီတာက ပြောပြ၍ သိရသည်။

သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၆၅) ရပ်ကွက်တွင် ဝင်ငွေနည်းမိသားစု ၄၀၀ အတွက် ထမင်းနှင့်ကြက်သားဟင်းတို့ကို လှူဒါန်းခဲ့သည့်အပြင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀ စီ ပံ့ပိုးပေးခဲ့ကြောင်း၊ အဆိုပါအလှူအတွက် ငွေကျပ် ၁၅ သိန်းခန့်ဖြစ်ကြောင်း သိရသည်။



"ကိုဗစ်ကာလကတည်းက အလှူရှင်တွေနဲ့ ပူးပေါင်းပြီး လှူဒါန်းခဲ့တာပါ။ အခုကာလကတော့ ကူညီပံ့ပိုးပေးနေတဲ့ မတည် အလှူရှင်တွေ ပါဝင်လာတဲ့အတွက် နေ့စဉ်နီးပါး လှူဖြစ်နေပါတယ်။ မတည်အလှူရှင်တွေရဲ့ ငွေကြေးပေါ်မူတည်ပြီး မိသားစု ၂၀၀ လောက်ကနေ မိသားစု ၆၀၀ လောက်ထိလှူဒါန်းခဲ့ပါတယ်။ နေရာတွေကတော့ ကိုယ်တိုင်စုံစမ်းတာရှိသလို လာရောက်လှူဒါန်းပေးဖို့ ဖိတ်ခေါ်တဲ့နေရာတွေကိုလဲ လှူဒါန်းပေးနေပါတယ်"ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။

သရုပ်ဆောင် အေးသီတာသည် ကိုဗစ်ကာလအတွင်းမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တချို့တွင် ဝင်ငွေနည်းမိသားစုများကို တစ်နိုင်တစ်ပိုင် လှူဒါန်းခဲ့သူဖြစ်ကြောင်း သိရသည်။

ASH

# သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မင်္ဂလာကန်တော်စံကျောင်းတိုက် အဝင်လမ်းမကြီးအတွက် ဘိလပ်မြေအိတ် ၂၅၀ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ မင်္ဂလာကန်တော်စံကျောင်းတိုက် အဝင်လမ်းမကြီးအတွက် သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ဘိလပ်မြေအိတ် ၂၅၀ လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၇ ရက်က အဆိုပါကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မင်္ဂလာကန်တော်စံကျောင်းတိုက် အဝင်လမ်းမကြီးခင်းရန်အတွက် သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ထိုသို့လှူဒါန်းရာတွင် သရုပ်ဆောင် အောင်ခိုင်လည်း ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်္ဂလာကန်တော်စံကျောင်းတိုက် အဝင်လမ်းမကြီးခင်းဖို့အတွက် ကျွန်တော်တို့မွေးမိတ်ဆွေတွေက ဘိလပ်မြေအိတ် ၂၅၀ ကို လှူဒါန်းခဲ့ကြပါတယ်။ ကျွန်တော်တို့ လှူဒါန်းလိုက်ကြတဲ့ လမ်းပေါ်မှာ ရဟန်းရှင်လူ၊ ပြည်သူတွေ နေ့နေ့ညည ဖြတ်သန်းသွားလာနေကြမှာဖြစ်တဲ့အတွက် လူအိပ်ပေမဲ့ ကုသိုလ်မအိပ်တဲ့ ထာဝရအလှူလေးဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူ မိသားစုသည် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းကလည်း ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော်ရှိ နန်းဦးရုပ်ပွားတော်မြတ်အား မသိုးရွှေကြာသင်္ကန်းတော်ကို ကပ်လှူခဲ့ကြောင်း သိရသည်။

ASH

# The Uninvited ဇာတ်ကား၌ မင်းသား ပက်ဒရိုပက်စကယ် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁၈**

The Uninvited အမည်ရှိ ဟာသဇာတ်ကား၌ အမေရိကန်-ချီလီမင်းသား ပက်ဒရိုပက်စကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် ပက်ဒရိုပက်စကယ်နှင့်အတူ မင်းသား ဝေါ်တန်ဂေါ့ဂျင်းနှင့် မင်းသမီး အဲလစ်ဇဘတ် ရေဆာတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

The Uninvited ဇာတ်ကားသည် မဖိတ်ဘဲရောက်လာသည့် ဧည့်သည်တစ်ဦးကြောင့် ပါတီပွဲတစ်ခု ကသောင်းကနင်းဖြစ်ခဲ့ရပုံကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

The Uninvited ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ နာဒီယာကွန်နာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

ဒါရိုက်တာ နာဒီယာသည် နာမည်ကျော် မှတ်တမ်းရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်ပြီး The Uninvited ဇာတ်ကားမှာ ၎င်း၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# Bullitt လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား၌ မင်းသား ဘရက်ဒလေကူးပါး သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၁၈**

Bullitt အမည်ရှိ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားတွင် မင်းသား ဘရက်ဒလေကူးပါး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ဟောလီးဝုဒ်၏ ဂန္ထဝင်အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သော Bullitt(1968) ဇာတ်ကားကို ပုံစံသစ်ဖြင့် ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသား ဘရက်ဒလေကူးပါးသည် မူလ Bullitt ၌ မင်းသား စတိဗ်မက်ကွင်း သရုပ်ဆောင်ခဲ့သော Frank Bullitt ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Bullitt ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာကြီး စတီဗင်စပီးဘာ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ Bullitt ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျို့ရှ်ဆင်းဂါးက ရေးသားနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Bullitt ဇာတ်ကား၌ ထပ်မံပါဝင်လာမည့် သရုပ်ဆောင်များနှင့် ဇာတ်ကားရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။ KKO



# SAC Information Team holds 21st Press Conference



Maj-Gen Zaw Min Tun gives a comprehensive power-point presentation on a wide array of issues at the Press Conference.

**Nay Pyi Taw November 18**

The Information Team of the State Administration Council held the 21st Press Conference at the Ministry of Information this afternoon, and Leader of the Information Team Maj-Gen Zaw Min Tun, member of the Union Election Commission U Khin Maung Oo, spokespersons of departments, and representatives of department information teams gave answers to questions of the media.

Leader of SAC Information Team Maj-Gen Zaw Min Tun gave a comprehensive powerpoint presentation of the government's presentation of honourary titles and medals, amnesty granted by the government, the ASEAN and related issues, financial and trade issues, education sector, progress in turning Nay Pyi Taw Union Territory into a green, clean and smart city in accord with the guidance of State leader, and matters relating to terrorism, with the help of video clips.

UEC member U Khin Maung Oo explained the work process of 2020 election, action taken against persons for their involvement in vote rigging or illegal acts, compilation of voter list, scrutiny undertakings, calculation of the rough number of polling stations and required accessories, functions of UEC, with the help of power point.

Maj-Gen Zaw Min Tun, U Khin Maung Oo and representatives of department information teams answered the questions raised by the media persons. Afterwards, the press conference came to an end.

Also present were members of the SAC Information Team, representatives of ministries, officials of the Tatmadaw Information Team, guests, and reporters of local news agencies, newspapers, local TV channels, locally based foreign news agencies. Details of the questions and answers at the press conference will be released later. 100

# Mohammed bin Salman: Saudi leader given US immunity over Khashoggi killing

**Washington November 18**

The US has determined that Saudi Arabia's de facto leader - Crown Prince Mohammed bin Salman - has immunity from a lawsuit filed by murdered journalist Jamal Khashoggi's fiancé.

Mr Khashoggi, a prominent Saudi critic, was murdered at the Saudi consulate in Istanbul in October 2018.

US intelligence has said it believes Prince Mohammed ordered the killing.

But in court filings, the US State department said he has immunity due to his new role as Saudi prime minister.

Mr Khashoggi's ex-fiancé, Hatice Cengiz, wrote on Twitter that "Jamal died again today" with the ruling.

She - along with the human rights group Democracy for the Arab World Now (Dawn), founded by Mr Khashoggi - had been seeking unspecified damages in the US from the crown prince for her fiancé's murder.

The complaint accused the Saudi leader and his officials of having "kidnapped, bound, drugged and tortured, and assassinated US-resident journalist and democracy advocate Jamal Khashoggi".

The secretary general of Amnesty International, Agnes Callamard, said: "Today it is immunity. It all adds up to impunity."

BBC



Saudi dissident Jamal Khashoggi, pictured speaking in London, was murdered in 2018.

# Over 10,000 local and foreign travellers visited tourist areas in Rakhine State in October

**Sittwe November 18**

More than 10,000 local and foreign travellers visited tourist areas in Rakhine State during October, according to U Tin Tun Aung, Director of the Department of Hotels and Tourism for Rakhine State.

As such, when 10,093 local travellers and 401 foreign tourists visited Ngapali beach during October, and most of the tourists visited Ngapali beach area.



The spectacular Ngapali beach.

"This year, since Thingyan period, there has been a constant influx of tourists along the beach. Especially in months with consecutive public holidays, there is a significant increase in the number of tourists. In September, hotel occupancy was up to 52 percent. October is also the peak period, so the use of hotels for rent was 43 percent. 58 hotels, motels and guesthouses have been opened on the beach and are providing services," U Tin Tun Aung said.

The 2022 Autumn Festival will be held from November 21 to 25 at Ngapali Beach, which is the main tourist destination in Rakhine State.

ASH

# MH17: Australia asks Russia to hand over three who downed airliner

**Canberra November 18**

Australia has called on Russia to extradite three men found guilty of downing a Malaysia Airlines plane over Ukraine with 298 people on board.

Two Russians and a Ukrainian have been sentenced to life by a Dutch court but are thought to be in Russia.

"We call on Russia to surrender those convicted, so they may face the court sentence for their heinous crime," said Foreign Minister Penny Wong.

Russia condemned the verdict as scandalous and politically motivated.

It is extremely unlikely that the three men will be handed over to face justice.

More than eight years after flight MH17 was shot down by a Russian-made missile over eastern Ukraine, the court concluded on Thursday that the missile had been fired deliberately to bring down a plane, even if the target had been a military aircraft rather than a civilian airliner.

BBC

# More than 24,000 local and foreign travellers pay visits to Tanintharyi Region in October 2022


Visitors seen waiting to board on a speedboat.

**Myeik November 18**

The Tanintharyi Region Directorate of Hotels and Tourism stated that more than 24,000 local and foreign travellers visited the region in October 2022.

Myeik, Dawei and Kawthoung districts of the region attracted larger number of travellers as of this year's Thadingyut period despite visits of travellers as of January 2022.

In open season, travellers at home and abroad paid visits to the regions and they arrived there by air for paying visits.

Travellers eyed on visits to pearl shops, edible bird's nest houses, fish and shrimp farms and other significant places in addition to the Myeik Archipelagos.

Each traveller may cost some K350,000 to K1.7 million per trip depending on the distance of trip, daily trip and night stay trip.

Among 42 tourism services in Myeik Archipelagos, more than 10 tourism services resumed their operations for giving services to travellers. Currently, 118 development projects are being implemented in 115 villages of the region so as to attract local and foreign travellers.

In October 2022, 22,189 local travellers and 2,467 foreign travellers, totalling 24,645 visited the region.

During the period from January to September 2022, a total of 593,763 local travellers and 3,376 foreign visitors, totalling 597,539 toured the Tanintharyi Region.

In October, 24,645 local and foreign travellers paid visits to the region, and 622,184 guests visited the region within 10 months. 336

# 800-1,200 kilograms of hot chili go to Thailand daily due to good demand

**Nay Pyi Taw November 18**

Myanmar sells 800 to 1,200 kilograms of hot chili a day as its demand is high in Thailand, according to sources released by the Ministry of Commerce on 16 November.

Various kinds of pepper and chili from Myanmar are exported in large numbers to the neighbouring countries. Among them, hot chili grown in Mawtaung region is popular. As the region is located between two seas, it has favourable weather conditions to grow hot chili, which is popular in Thailand

Most Thai foods are spicy, so hot chili is consumed as a common ingredient in Thailand. Moreover, foreign tourists visiting Thailand have a good taste of it. As a result, hot chili from Mawtuang region has already acquired a firm market in Thailand.

As the region grows hot chili all the year round, the crop can go to the Thai markets every day. One kilogram of hot chili is worth about 28 baht. Every day, 800 to 1,200 kilograms of hot chili go to Thailand.

336

# Larger volume of agricultural produce, animal products, forest products, finished industrial products exported in 2022-23 FY

**Nay Pyi Taw November 18**

The Ministry of Commerce stated that larger volume of agricultural produce, animal products, forest products, finished industrial products was exported in 2022-23 fiscal year than the previous years.

During the seven month period from 1 April to 4 November 2022, agricultural produce, animal products, marine products, minerals, foreign products, finished industrial products and others were exported.

These products earned US$9,891.635 million from exportation. In this regard, larger volume of agricultural produce, animal products, forest products and finished industrial products was exported this FY.

During the seven month period, agricultural produce earned US$2,027.358 million, exceeding US$32.303 million rather than US$1,995.055 million of previous FY.


Yangon port seen with cargo containers.

Animal products also pocketed US$17.709 million, exceeding US$14.748 million rather than US$2.961 million from previous FY.

The forest products earned US$88.383 million this FY, exceeding US$11.551 million rather than US$76.832 million from previous FY.

The finished industrial products bagged US$6831.706 million this FY and exceeded US$1,830.362 million rather than US$5,001.344 million from previous FY.

This FY, export volume of marine products, minerals and other groups declined.

336

# Govt. plans to build a 100-ton rice mill in Hpa-an at a cost of 1.5 billion kyats before next rainy season

**Hpa-an November 18**

A 100-ton rice mill will be built in Hpa-an Township, Kayin State at a cost of 1.5 billion kyats to be implemented before the next rainy season, according to the Myanmar Rice Millers Association (Kayin State).

According to U Saw Than Chit, the central executive of the Myanmar Rice Millers Association (Kayin State), plans are being made to ensure the regional self-sufficiency of the seasonal rice grown in Kayin State, to build modern large mills that are needed and to be able to export it abroad and the association will build a 100-ton modernized rice mill near Hti Po Kalone Village in Hpa-an Township, Kayin State.

In addition to this, the Kayin State government is working together with the relevant Union Ministries and Myanmar Rice Federation to prevent the waste of the production of rice and to achieve local and foreign markets in addition to ensuring regional food sufficiency. ASH


A rice mill in operation.

# Plan to build crop yield assessment centre with use of satellite maps for food sufficiency

**Nay Pyi Taw November 18**

A crops yield assessment centre will be built to estimate food sufficiency protential with the use of satellite photos, according to a press release issued by the Ministry of Agriculture, Livestock and Irrigation on 15 November 2022.

The Department of Farmland Management and Statistics will take responsible for construction of the centre with the Mekong-Lancang cooperation special fund (2022) in the 2022-23 fiscal year.

The building will be of RC two-storey structure facilitated with water and electricity. It will be 40 by 70 by 24 feet building. Construction of the building will be based on open tender to be offered to businesspersons.

Tender proposals can be purchased at the head office of the department in Nay Pyi Taw as of 18 November 2022. Tender proposal must be sent to the department not later than 4 pm on 1 December.

For further information, contact 067-3410674 of the department. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအထူးစစ်ဆင်ရေးကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားပြောကြား



ရုရှားနိုင်ငံသည် ယူကရိန်းအထူး စစ်ဆင်ရေးကို ရာသီဥတုအခြေအနေပေါ် မူတည်ခြင်းမရှိကြောင်း၊ ဆက်လက်လုပ် ဆောင်နေပြီး ၎င်း၏ ရည်မှန်းချက်များ အတိုင်း အောင်မြင်အောင် ဆောင်ရွက် မည်ဖြစ်ကြောင်း ရုရှားသမ္မတပြောရေးဆိုခွင့် ရှိသူ Dmitry Peskov က နိုဝင်ဘာ ၁၇ ရက်တွင် မီဒီယာများသို့ ပြောကြားခဲ့သည်။

"ယူကရိန်းအထူးစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒါဟာ ရာသီဥတုအခြေအနေတွေပေါ်မှာ မူတည် မနေပါဘူး။ ရည်မှန်းချက်တွေအတိုင်း အောင်မြင်အောင် ဆောင်ရွက်ရမယ်" ဟု Peskov က ပြောကြားခဲ့ကြောင်း သိရသည်။

ရာသီဥတုအပူချိန်နိမ့်ပါးသည့် အချိန်ကာလများတွင် စစ်ဆင်ရေးများကြောင့် လျှပ်စစ်နှင့်အပူပေးစနစ်မရရှိဘဲ နေထိုင်နေကြရသည့် ယူကရိန်းနိုင်ငံသား သန်းပေါင်းများစွာအတွက် ရုရှားနှင့် ဓေ့စပ်ညှိနှိုင်းရန် ယူကရိန်းဘက်က တုံ့ဆိုင်းနေခြင်းကြောင့် စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်ခြင်း၏ ရလဒ်ဖြစ်ကြောင်း Peskov က ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

ယူကရိန်း၏စစ်ဘက်ဆိုင်ရာ ကွပ်ကဲမှု ဌာနချုပ်များနှင့်ဆက်စပ်နေသော စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုဝင်ဘာ ၁၅ ရက်တွင် ရုရှားစစ်ဘက်က ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုနှင့်ပတ်သက်၍ ယူကရိန်း၏ စစ်ရေးအလားအလာ၊ ယူကရိန်းအစိုးရအဖွဲ့တို့နှင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် ဆက်စပ်နေကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ Igor Konashenkov က နိုဝင်ဘာ ၁၅ ရက်က ရုရှားစစ်ဘက်သည် တာဝေးပစ်လေဟင်နှင့် ရေကြောင်းအခြေပြုတိကျမှုမြင့်မားသော ပဲ့ထိန်းလက်နက်များဖြင့် ယူကရိန်းစစ်ဘက်ဆိုင်ရာ ကွပ်ကဲထိန်းချုပ်မှု ဌာနချုပ်များနှင့် ဆက်စပ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်းနှင့် ရည်မှန်းချက်များအတိုင်း အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားထားခဲ့ပြီးဖြစ်သည်။

**Special operation does not depend on weather conditions Kremlin spokesmanကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွစ်ဇာလန်နိုင်ငံက Patriot PAC 3 MSE ဒုံးကျည် ၇၂ စင်းနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခဲ့ကြောင်း အမေရိကန်ကြေညာ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် Patriot Advanced Capability (PAC) 3 Missile Segment Enhanced (MSE) ဒုံးကျည် ၇၂ စင်းနှင့်ဆက်စပ်ပစ္စည်းများကို ဆွစ်ဇာလန်နိုင်ငံအား အမေရိကန်ဒေါ်လာသန်း ၇၀၀ တန်ဖိုးရှိ နိုင်ငံခြားစစ်ဘက်ရောင်းချမှုကို အတည်ပြုပေးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက နိုဝင်ဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်။

ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် အဆိုပါရောင်းချခြင်းအတွက် လွှတ်တော်သို့ အကြောင်းကြားခဲ့ပြီးဖြစ်သည်။

ဆွစ်ဇာလန်အစိုးရသည် Patriot Advanced Capability (PAC) 3 Missile Segment Enhanced (MSE) ဒုံးကျည် ၇၂ စင်းထိ ဝယ်ယူရန်တောင်းဆိုထားသည်။ တယ်လီမီတာတိုင်းတာရေးကိရိယာများ၊ PAC-3 MSE လေ့ကျင့်ဒုံး၊ သရုပ်ပြဒုံးကျည်များ၊ PAC-3 ဒုံးလျှောလမ်း ကိရိယာများ၊ ဒုံးပစ်စင်အပူချိန်ထိန်းကျောင်းရေးစနစ်များ၊ ဒုံးကျည်ပြုပြင်ရေးနှင့်မြင်ဆင်ရေး၊ အပိုပစ္စည်းများ၊ PAC-3 MSE ဒုံးပြွန်များ၊ အရည်အသွေးအာမခံချက်၊ စစ်မြေပြင်စောင့်ကြည့်ရေးအစီအမံ၊ အမေရိကန်အစိုးရနှင့် ကန်ထရိုက်တာ၊ အင်ဂျင်နီယာနှင့် ထောက်ပံ့ပို့ဆောင်ရေးနည်းပညာဆိုင်ရာအကူအညီများ၊ စမ်းသပ်ပျံသန်းရာတွင် ပံ့ပိုးကူညီမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ပရိုဂရမ်ပံ့ပိုးမှုဆိုင်ရာအခြားဆက်စပ်အစိတ်အပိုင်းများ ပါဝင်မည်ဖြစ်ကြောင်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါရောင်းချမှုသည် ဆွစ်ဇာလန်နိုင်ငံပိုင်နက်နယ်မြေ ကာကွယ်ရေးတိုးတက်ကောင်းမွန်စေရန်အပြင် အမေရိကန်၊ NATO တပ်ဖွဲ့များနှင့်အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက်လည်း ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

အဓိကကန်ထရိုက်တာမှာ Texas ပြည်နယ်၊ Dallas မြို့အခြေစိုက် Lockheed Martin ကုမ္ပဏီဖြစ်သည်။ အဆိုပါရောင်းချမှုကို အကောင်အထည်ဖော်ရန်အတွက် အမေရိကန်အစိုးရ တာဝန်ရှိသူ ငါးဦးနှင့် ကန်ထရိုက်တာ ကုမ္ပဏီကိုယ်စားလှယ် ငါးဦးတို့သည် စက်ပစ္စည်းကိရိယာများပြုပြင်ခြင်း၊ ကွင်းဆင်းခြင်းနှင့် နည်းပညာ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် ဆွစ်ဇာလန်သို့ သွားရောက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။



**Switzerland purchasing 72 Patriot PAC 3 MSE air defense missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## CETC ကုမ္ပဏီက XY-I UAV မောင်းသူမဲ့ဘက်စုံသုံးလေယာဉ်အသစ်ကို AirShow China 2022 တွင်ထုတ်ဖော်ပြသ




တရုတ်နိုင်ငံ AirShow China 2022 တွင်China Electronics Technology Group Corporation (CETC) ကုမ္ပဏီသည် တူရကီထုတ် Bayraktar TB2 ဒရုန်းနှင့် ဒီဇိုင်းပုံစံဆင်တူသည့် XY-I UAV မောင်းသူမဲ့ဘက်စုံသုံးလေယာဉ်အသစ်ကိုထုတ်ဖော်ပြသခဲ့သည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည် အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာ အသုံးပြုမှုများအတွက် ဒရုန်းများကို ဒီဇိုင်းတီထွင်ထုတ်လုပ်လာခဲ့ကြသည်။ တရုတ်နိုင်ငံသည် နှစ်ပေါင်းများစွာရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့သည့် မောင်းသူမဲ့လေယာဉ်များ (UAV)တွင် တိုးတက်ဖွံ့ဖြိုးလာမှုသည် အထင်ရှားဆုံးဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် တရုတ်နိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် မောင်းသူမဲ့ရေယာဉ်(USV)နှင့် မောင်းသူမဲ့မြေပြင်ယာဉ်(UGV)တို့ကိုလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ အမှန်စင်စစ် AirShow China 2022 တွင် မတူကွဲပြားသော UGV များနှင့် USV များ အမျိုးအစားများစွာကိုပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့ခြင်းလည်း ဖြစ်သည်။

CETC ကုမ္ပဏီက ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကား၍ XY-I UAV သည် အလတ်စားဘက်စုံသုံး ဒရုန်းတစ်မျိုးဖြစ်ပြီး အလိုအလျောက်အပြည့်အဝပျံသန်းနိုင်မှုနှင့် ၂၄ နာရီပတ်လုံး လေထဲတွင် ပျံသန်းနေနိုင်မည်လည်း ဖြစ်သည်ဟု သိရသည်။

CETC ကုမ္ပဏီသည် XY-I UAV ကို စစ်ဘက် သို့မဟုတ် အရပ်ဘက်ကဏ္ဍများတွင် ရည်ရွယ်ချက်နှစ်ခုဖြင့် အသုံးပြုရန် ဒီဇိုင်းထုတ်ထားသည်။ ကင်းထောက်ခြင်း၊ စောင့်ကြည့်ခြင်း၊ နယ်ခြားကင်းလှည့်ခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ဆက်သွယ်ရေးနှင့် တိုက်ခိုက်ရေးကဏ္ဍများကဲ့သို့သော ရည်မှန်းချက်တာဝန်အမျိုးမျိုးကို လုပ်ဆောင်နိုင်သည်။

တူရကီထုတ် Bayraktar TB2 ဒရုန်းကဲ့သို့ပင် CETC ကုမ္ပဏီထုတ် XY-I UAV သည် ပြောင်းပြန် V-tail ဖွဲ့စည်းတည်ဆောက်မှုဖြင့် ရောစပ်ထားသော တောင်ပံကိုယ်ထည် ဒီဇိုင်းရှိသည်။ XY-I UAV အင်ဂျင်ခန်းသည် Bayraktar TB2 နှင့် အနည်းငယ်ကွာခြားသည်။ Pusher Configuration တွင် ဒလက်နှစ်ခုပါပန်ကာ (Two-Blade Propeller)ပါရှိသည်။

CETC က XY-I UAV သည် ရည်မှန်းချက် တာဝန်ထမ်းဆောင်နိုင်မှု လိုအပ်ချက်အရ လျင်မြန်လွယ်ကူစွာ ပြောင်းလဲနိုင်သော Payloads အမျိုးမျိုးကို သယ်ဆောင် စစ်ဆင်နိုင်မည်ဖြစ်သည်။ ၎င်းကို Electro-Optical စနစ်၊ ထောက်လှမ်းမှုနှင့် ဆက်သွယ်ရေးစနစ်များအပြင် ဗုံးများနှင့် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များအပါအဝင် လက်နက်များပါတပ်ဆင်နိုင်သေးသည်။

**CETC from China develops its XY-I drone using Turkish Bayraktar TB2 UAV design ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# နေပြည်တော် — ဓနုဖြူမြို့နယ်တွင် အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၂၇၇ ဧက ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်



**ဓနုဖြူ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၂၇၇ ဧကကို စတင်ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဓနုဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါး ၉၂၇၇ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၂၇၇ ဧကကို နိုဝင်ဘာ ၁၆ ရက်က စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးတစ်ဧက ၉၇ တင်းထိ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"ယခုနှစ် ဓနုဖြူမြို့နယ်အတွင်းမှာ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါး ၉၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါးတွေစိုက်ပျိုးတဲ့အခါ ဒေသခံတောင်သူတွေအတွက်အကျိုးကျေးဇူးများစွာရှိပါတယ်။ ဒါကြောင့် ဒီစနစ်ကိုအားပေးပါတယ်။ လက်ရှိအကျိုးတူ လယ်ယာစနစ်နဲ့စိုက်ခဲ့တဲ့ မိုးစပါး ၉၂၇၇ ဧကအားလုံး စတင်ရိတ်သိမ်းနေပါတယ်။ ဒီနှစ်စပါးတွေ အထွက်နှုန်းညီတာလဲတွေ့ရပါတယ်။ အကျိုးတူ လယ်ယာစနစ်ဆိုတာက ကုမ္ပဏီတစ်ခုနဲ့တောင်သူတွေ ပူးပေါင်းလုပ်ဆောင်တာပါ။ အကျိုးတူလယ်ယာစနစ်နဲ့ စိုက်ပျိုးတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် စပါးများကို စိုက်ပျိုးပါက တောင်သူများ ကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရေး သွင်းအားစုများ အလွယ်တကူဝယ်ယူရရှိခြင်း၊ ထွက်ရှိလာသည့် သီးနှံများကို ကုမ္ပဏီက ပြန်လည်ဝယ်ယူပေးခြင်း၊ ဈေးကွက်အတွက် စိတ်ချရခြင်း၊ ရိတ်သိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ကုမ္ပဏီက ပူးပေါင်း ဆောင်ရွက်ပေးသည့်အတွက် အချိန်ကုန်သက်သာစွာ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ကြံခင်းမြို့နယ် မှန်ကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကွင်းကြီးကျေးရွာအုပ်စု မှန်ကွင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မှန်ကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါကျေးရွာတွင်ကွန်ကရစ်ဘီးလမ်းအရှည် ပေ ၁၀၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ နှစ်လမ်းသွား ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ပြောပြ၍ သိရသည်။

**ကျော်စိုး**

## ပြည်မြို့နယ် ကျေးရွာငါးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပြည် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်သော ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဗြဟော်ကျေးရွာ၊ သပြေခုံကျေးရွာ၊ ကိုင်းချောင်းကျေးရွာ၊ ကန်သာယာကျေးရွာနှင့် ပင်ရင်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဗြဟော်ကျေးရွာ၊ သပြေခုံကျေးရွာနှင့် ကိုင်းချောင်းကျေးရွာတို့၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၉၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပျူတိုင်းရင်းသားကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း ကန်သာယာကျေးရွာနှင့် ပင်ရင်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၄၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Mega Global Green Automation ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ သြဂုတ်လ တတိယပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာငါးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့စေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၈၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

၂၃။ ရွေးဖုံးမှအဆက်

**ပြည်ထောင်စုစည်သူသင်္ဂဟအဖွဲ့**

**စည်သူအဖွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီးအေးသောင် | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂။ | ဗိုလ်ချုပ်ဉာဏ်လင်း | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်အဖွဲ့များ**

**သီရိပျံချီအဖွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် | ဝန်ကြီး | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်ချုပ်ကြီးမြသင်း | ဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် | ဝန်ကြီး | သာသနာရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ | ဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီးကျော်မင်း | ဝန်ကြီး | သတ္တုတွင်းဝန်ကြီးဌာန |
| ၆။ | ဗိုလ်ချုပ်စိုးမြင့် | ဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီးဖေသိန်း | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၈။ | ဗိုလ်မှူးချုပ်မျိုးသန့် | ဝန်ကြီး | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး |
| ၉။ | ဗိုလ်ချုပ်လှမြင့်ဆွေ | ဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၁၀။ | ဦးခင်မောင်ရင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၁။ | ဗိုလ်မှူးချုပ်မောင်မောင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း | ဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်ချုပ်အေးကျော် | ဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးအောင်ဖုန်း | ဝန်ကြီး | သစ်တောရေးရာဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူးချုပ်ပြည့်စုံ | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၁၆။ | ဗိုလ်မှူးချုပ်မောင်ကြည် | ဥက္ကဋ္ဌ | ကယားပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၇။ | ဗိုလ်မှူးကြီးမျိုးမြင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၈။ | ဗိုလ်မှူးကြီးခင်ကြူး | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၁၉။ | ဗိုလ်မှူးကြီးလှမြင့်ကျော် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၀။ | ဗိုလ်မှူးကြီးမောင်ချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၁။ | ဗိုလ်မှူးကြီးဘိုးချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၂။ | ဗိုလ်မှူးကြီးသိန်းလွင် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၃။ | ဗိုလ်မှူးကြီးလှငွေ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီးသန်းဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၅။ | ဗိုလ်မှူးကြီးတင်လှ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၆။ | ဗိုလ်မှူးကြီးသန်းတင် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၇။ | ဗိုလ်မှူးချုပ်ညွန့်လှိုင် | ဥက္ကဋ္ဌ | ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၈။ | ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၉။ | ဗိုလ်မှူးကြီးမြငြိမ်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၃၀။ | ဗိုလ်မှူးကြီးစိန်ဝင်းအောင် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၁။ | ဗိုလ်မှူးချုပ်ရန်သိမ်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၂။ | ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်အဖွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်မောင်ခင် | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂။ | ဒေါ်သင်းသင်း | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃။ | ဒုတိယဗိုလ်မှူးကြီးသန်းညွန့် | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၄။ | ဦးစန်းဝေ | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၅။ | ဦးဝင်းနိုင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီးကြည်မောင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၅ / ၂၀၂၂**
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်-

( ၁ ) ဗမ/၂၂/၀၀၃၈၄/က ငွေရှည်(ဘ)ဦးအောင်ကျော်ဇင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၂ ) ဗမ/၂၂/၀၀၃၈၅/က အောင်နိုင်(ဘ)ဦးမောင်ဖြူသောင်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၃ ) ဗမ/၂၂/၀၀၃၈၆/က ဇော်ဇော်နိုင်(ဘ)ဦးမောင်အေးခင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၄ ) မကန/၂၂/၀၀၂၉၁/က ကျော်သန်းဝင်း(ခ)ရွှေဝင်း(ဘ)ဦးသာဦး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၅ ) စတ/၂၁/၀၀၀၄၃/က ကျော်မင်းနိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၆ ) စတ/၂၂/၀၀၁၇၀/က တင်မောင်စိုး(ဘ)ဦးမောင်မောင်လှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၇ ) စတ/၂၂/၀၀၁၉၃/က သန်းမြတ်ငွေ(ဘ)ဦးစံထွန်းဖြူ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၈ ) ဘသတ/၂၁/၀၀၀၉၁/က ဇော်သန်းဝင်း(ဘ)ဦးငတန်ချေ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
( ၉ ) ဘသတ/၂၂/၀၀၁၀၉/က ခင်မောင်လှ(ဘ)ဦးချက်ကြီး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၀) ဘသတ/၂၂/၀၀၁၀၈/က ကျော်နိုင်(ဘ)ဦးကျော်သောင်းစိန်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၁) သတ/၂၀/၀၀၃၀၁/က ညီညီဇော်(ဘ)ဦးစောမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၂) ကဖ/၂၂/၀၀၁၈၁/က ကျော်ငွေလှိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၃) ကဖ/၂၂/၀၀၁၈၂/က လှမောင်ဝင်း(ဘ)ဦးအောင်ထွန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၄) ကဖ/၂၂/၀၀၁၈၃/က ဇော်ငွေ(ခ)စူပါ(ဘ)ဦးလှရွှေမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၅) အစ/၂၀/၁၈၃၄၀/က မောင်နုစိန်(ခ)နိုင်နိုင်(ဘ)ဦးအောင်ပါလှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၆) လရ/၂၁/၀၀၂၄၂/က စိုးတင့်(ဘ)ဦးတင်အေး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၇) လရ/၂၁/၀၀၂၄၃/က ကျော်မင်းထွန်း (ဘ) ဦးစောသိန်းမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၈) မကန/၂၁/၀၀၇၀၆/က ကွန်ဘောဘရန်မိုင် (ဘ) ဦးကွန်ဘောတန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၉) မကန/၂၁/၀၀၈၇၂/က ခန်ရမ်(ဘ)ဦးဒီးဒန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၀) မကန/၂၁/၀၀၈၇၅/က ရှုရွှယ်လော့ဒ်အောင်(ဘ)ဦးရှုရွှယ်လဂျာ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၁) မကန/၂၁/၀၀၂၈၉/က ဆိုင်ဘော်လဆိုင်း(ဘ) ဦးဆိုင်ဘော်ဇော်အိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၂) မည/၂၂/၀၀၃၈၂/က တူးအောင်(ဘ)ဦးအင်ဗွေတူး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၃) ဗမ/၂၂/၀၀၀၃၉/က ဂမ်အောင်(ဘ)ဦးဆိုင်းအောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၄) ဗမ/၂၂/၀၀၀၄၀/က နော်ဆန်း (ခ) မရန်နော်ဆန်း (ဘ) ဦးမရန်လဒွဲ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၅) ဗမ/၂၂/၀၀၁၁၀/က ဝါဖိုင်ဒွဲလီ(ဘ)ဦးဝါဖိုင်လ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၆) ဗမ/၂၂/၀၀၁၆၃/နက စိန်လှအောင်(ဘ)ဦးထွန်းစိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၇) ဗမ/၂၂/၀၀၁၆၅/က အောင်ဖေ(ဘ)ဦးပြည်ပြန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၈) ဗမ/၂၂/၀၀၁၆၆/က ဇင်လင်းအောင်(ဘ)ဦးငွေမောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၉) ဗမ/၂၂/၀၀၁၆၇/က လင်းထက်စိုး(ဘ)ဦးဖိုးညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၀) ဗမ/၂၂/၀၀၁၆၈/က ချစ်မော်(ဘ)ဦးထွန်းညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၁) ဗမ/၂၂/၀၀၂၄၂/က ဖြိုးချို(ဘ)ဦးသန်းကျော်ဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၂) ဗမ/၂၂/၀၀၂၄၃/က နိုင်ထက်ဦး(ဘ)ဦးကျော်မင်းဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၃) လရ/၂၁/၀၀၉၆၀/က တန်ဝွန်း(ခ)ဝွန်းအောင်(ဘ)ဦးမာရှောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၄) လရ/၂၂/၀၀၅၇၆/က ဝွန်းအောင်(ခ)ဝွမ်းအောင်(ဘ)ဦးရှုရွှယ်၊ KIA တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့
(၃၅) ကတ/၂၂/၀၀၇၁၃/က လီးဆော့(ဘ)ဦးလောရဲ့၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၆) သပ/၂၂/၀၀၁၉၄/က ဖိုးသား(ခ) စိုင်းစံလျှန်း(ခ)ဇော်မ(ဘ)ဦးတင်ဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၇) သပ/၂၂/၀၀၁၉၅/က ထွန်းရွှေ(ဘ)ဦးအွမ်ပွင့်၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၈) သပ/၂၂/၀၀၁၉၆/က စိုင်းပိ(ဘ)ဦးနေဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၉) သပ/၂၂/၀၀၁၉၇/က စိုင်းဦး(ခ)အိုက်ဦး(ဘ)ဦးကောင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၀) အစ/၂၁/၀၅၃၂၃/က မောင်မောင်ထွန်း(ခ) အထွန်းလေး(ခ) စောထွန်းလေး(ဘ) ဦးလဖာအဲ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၁) လရ/၁၂/၀၀၆၁၄/က အောင်ရွှေ(ခ)အောင်မိုင်(ဘ)ဦးဆန်ကြူ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများထောက်ပံ့



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ ကျောင်းသား တစ်ဦးကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မတော်သားမိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ပထမနှစ်ဝက်အတွင်း အဆင့်(A)ဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၁၂၉၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၂၈၂၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၂၅၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့မှ ကျောင်းသား၊ ကျောင်းသူ ၁၁၃ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တာဝန်ရှိသူများက ဒေသခံပြည်သူများကို Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၄ /၂၀၂၂**
၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
( ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

၁။ ဦးလှမြင့် မြို့တော်ဝန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၂။ ဦးကျော်ဆန်း မြို့တော်ဝန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ဝဏ္ဏကျော်ထင်ဘွဲ့**

၁။ ဦးနေဝင်း သံအမတ်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**

**စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)**

၁။ ဦးရဲကျော်မြ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တရားရုံးများ၌ စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၆ /၂၀၂၂**
၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
( ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်)

### ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအပေါ် တရားရုံးများ၌ စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခွင့်ပြုလိုက်သည်-

(၁) စတ/၂၂/၀၀၁၉၁/ခ စိုးမင်း(ဘ)ဦးမောင်စိုးဝင်း၊ AA လက်နက်ကိုင်အဖွဲ့
(၂) မကန/၂၂/၀၀၅၄၆/ခ ယိန်းဘောမ်(ဘ)ဦးချန်းယိန်း၊ KIA လက်နက်ကိုင်အဖွဲ့
(၃) ဗမ/၂၂/၀၀၃၃၄/ခ နော်ဂရောင်(ဘ)ဦးဂေါ်လူထွယ်ရှောင်၊ KIA လက်နက်ကိုင်အဖွဲ့
(၄) ဗမ/၂၂/၀၀၃၃၃/ခ ဝွမ်ဂျာနော်(ဘ)ဦးမရစ်တူး၊ KIA လက်နက်ကိုင်အဖွဲ့

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှပါရဂူဘွဲ့ သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### ကြေညာချက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၃၀ ရက်ထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော နိုဝင်ဘာ ၃၀ ရက် ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# အဋ္ဌမအကြိမ် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ပန္နရသမစုံညီအစည်းအဝေး ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၈**

အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ပန္နရသမစုံညီအစည်းအဝေးကို မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မာဂါရဝကျောင်းရှိ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံးတွင် ကျင်းပရာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသော ဆရာတော် ၁၃ ပါး ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးနှင့် တိုင်းဒေသကြီး သံဃနာယက ဥပဋ္ဌာကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ဆက်လက်၍ အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပဖွင့်လှစ်ပြီး သဘာပတိ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက ဩဝါဒကထာများ မိန့်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်များက နိုင်ငံတော်သံဃနာယကအဖွဲ့ထံမှ ပေးပို့သည့် ညွှန်ကြားစာများ၊ မြို့နယ်အသီးသီးတို့မှ တင်ပြလျှောက်ထားစာများကို ဆွေးနွေးခြင်း၊ အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ သောဠသမစုံညီအစည်းအဝေး ကျင်းပမည့်ရက်တို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက နဝကမ္မဝတ္ထုငွေများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းစေရေး၊ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ဆင်မောင်းနှင်စေရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ လမ်းပန်းဆက်သွယ်ရေးရာ ဝန်ကြီး ရဲမှူးချုပ်စိန်လွင်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ယာဉ်ကြောရှုပ်ထွေးမှုနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းလိုင်စင်များကို ဥပဒေနှင့်အညီထုတ်ပေးရေး၊ အဆင့်မြင့်နည်းပညာသုံးပို့ဆောင်ရေးစနစ် ထိရောက်စွာအသုံးပြုနိုင်ရေး၊ တက္ကသိုလ်ကျောင်းများနှင့် ယာဉ်ရပ်နားစခန်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ရေး၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ် တစ်နှစ်လျှင် သင်တန်းအမှတ်စဉ်ရှစ်ခု၊ အမှတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃၊ ဘဏ္ဍာနှစ်အတွင်း သင်တန်းအမှတ်စဉ်(၆/၂၀၂၂)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား အမျိုးသား၊ အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅ ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်။ ဖုန်း ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅-၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ် စစ်ကိုင်းတန်းရပ် မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့။ ဖုန်း ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့။
  ဖုန်း ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့။ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး ဖျာပုံမြို့။
  ဖုန်း- ၀၉-၄၅၅၇၈၈၀၂၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့။
  ဖုန်း ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့။
  ဖုန်း ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့။ ဖုန်း ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိအနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့။ ဖုန်း ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# နိုဝင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇ ဦး တွေ့ရှိပြီး ယနေ့တစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၀၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ၄၇ ဦး တွေ့ရှိပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၉၅၇ ဦး |
| သေဆုံးသူ | ၁၉၄၈၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၂၆၅ ဦး |

# ကျောက်မဲမြို့နယ် ဗဟိုဈေးတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စားသုံးသူရေးရာဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဗဟိုဈေးတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စားသုံးသူရေးရာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနပိုင် ဗဟိုဈေးတွင် ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော အရန်မီးသတ်ရေကန်များတွင် ရေများဖြည့်တင်းထားမှု ရှိ၊ မရှိ၊ အရန်မီးသတ်ရေစုပ်စက်များ အသင့်အသုံးပြုနိုင်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဈေးအတွင်းရှိ မီးသတ်ဆေးဘူးများတွင် သက်တမ်းကုန်ဆုံးမှုရှိ၊ မရှိ၊ ဈေးအတွင်းရှိ သိုလှောင်ရုံများတွင် မီးလောင်လွယ်သောပစ္စည်းများ သိုလှောင်ထားရှိမှုမရှိစေရေး၊ ဈေးရုံများတွင်သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများတွင် ဆွေးမြည့်ပေါက်ပြဲမှုရှိ၊ မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာဈေးကော်မတီမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ပြောပြသည်။

ထို့အတူ ကျောက်မဲမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဗဟိုဈေးအတွင်း ရောင်းချသောစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများတွင် စားသုံးသူရေးရာဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိ၊ ဓာတုဆိုးဆေးများဖြင့်ထုတ်လုပ်ထားသောကုန်ပစ္စည်းများ၊ ရက်လွန်အစားအစာများ ရောင်းချမှု မရှိစေရေးတို့ကို ပူးပေါင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ဇေဦး (မောရှမ်းမြေ)**

## ■ မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချမှု

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတွင် သမာသမတ်ကျရေး၊ ဓမ္မဓိဋ္ဌာန်ကျရေးနှင့် ရွေးချယ်ပစ်မှတ်မထားရေးမူဝါဒများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ဆောင်ရွက်သည့် ဖန်တီးထားသောဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များကို မြန်မာနိုင်ငံက အစဉ်တစိုက်ကန့်ကွက်သည်။

အီးယူနှင့် အိုအိုင်စီတို့က နှစ်စဉ်ကမကထပြုတင်သွင်းသည့် ရှည်လျားလှသော ဆုံးဖြတ်ချက်အဆိုတွင် အခြေအမြစ်မရှိသော ထပ်တလဲလဲစွပ်စွဲချက်များပါဝင်သည်။ ဆုံးဖြတ်ချက်အဆိုတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ကို ပေးအပ်သည့် လက်တွေ့မကျသော လုပ်ငန်းတာဝန်များလည်း ပါဝင်သည်။ ထို့ပြင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် "IIMM" ဆိုသည့် ယန္တရားအကြား ဆွေးနွေးမှုပြုလုပ်ရန် ထပ်ဆောင်းအစီအစဉ်ကိုဖန်တီးမှုသည် မြန်မာနိုင်ငံအပေါ် တိုးမြှင့်ဖိအားပေးရန်သာ ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၇-၉-၂၀၁၈ ရက်တွင် အတည်ပြုချမှတ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၃၉/၂ ဖြင့် "IIMM" ကို စတင်ဖွဲ့စည်းတည်ထောင်စဉ်ကတည်းက မြန်မာနိုင်ငံက အသိအမှတ်မပြုကြောင်း တရားဝင်အသိပေးကြေညာထားပြီးဖြစ်သည်။

စင်စစ်အားဖြင့် ယခုဆုံးဖြတ်ချက်အဆိုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်၏ နောက်ဆက်တွဲအနေဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ယင်းဆုံးဖြတ်ချက်အဆိုတွင် ဖြစ်စဉ်၏မူလဇာစ်မြစ်နှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိချန်လှပ်ထားသည်။ လက်တွေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းတွင် အလုံးအရင်းနေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်လုပ်ရပ်များက အဆိုပါဒေသရှိ အသိုက်အဝန်းများကို ၎င်းတို့နေရပ်မှစွန့်ခွာထွက်ပြေးရန် ခြိမ်းခြောက်တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ကော့ဇက်ဘဇားရှိစခန်းများတွင် သတ်ဖြတ်မှုနှင့် အကြမ်းဖက်လုပ်ရှားမှုပေါင်းများစွာ ဖြစ်ပွားလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုရန်လိုအပ်သည်။ ထိုသို့သောအကြောင်းများကြောင့် အဆိုပါစခန်းများရှိ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ တွေ့ကြုံခံစားနေရသည့် နေရပ်စွန့်ခွာသူများက နေရပ်သို့ပြန်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် တုံ့နှေးဝန်လေးနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ် နေရပ်စွန့်ခွာသူများအဖြစ် အတည်ပြုနိုင်သူများကိုစိစစ်လက်ခံရန် အဆင်သင့်ရှိသည်။ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်ကိုက်ညီသူများကို နိုင်ငံသားအဖြစ်ခွင့်ပြုလျက်ရှိသည်။ သို့သော် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှမရှိခဲ့သော **"ရိုဟင်ဂျာ"**ဆိုသည့်အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စကိုကြည့်လျှင် နိုင်ငံအချို့က ဓနအင်အားနှင့် မီဒီယာကိုအသုံးချ၍ မြန်မာနိုင်ငံတွင် တည်ငြိမ်မှုမရှိစေရန် ပဋိပက္ခတစ်ခုလုံးကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ လက်ရှိကျင်းပလျက်ရှိသော (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံက ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပြဿနာ၏ရှုပ်ထွေးမှုများကို လျစ်လျူရှုလျက် နိုင်ငံရေးသွတ်သွင်းသည့်အဆိုသာဖြစ်ပြီး၊ မျှတမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် လက်တွေ့ကျမှုမရှိပါ။ အဆိုတွင် အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရေး တောင်းဆိုထားသော်လည်း ကလေးသူငယ်ဦးရေ ၁၀၀ ကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၄၀၀၀ ကျော်တို့ကိုသတ်ဖြတ်ခဲ့သည့် အကြမ်းဖက် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချရန်ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းစကားမြောက်သည့်အချက်များနှင့် နိုင်ငံအတွင်း မတူညီသောအသိုက်အဝန်းများအကြား အယူဝါဒကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့် အချက်များပါဝင်သည်။ စိတ်ကူးယဉ်တီထွင်ဖန်တီးထားသော စွပ်စွဲချက်များပါဝင်သည့် ယင်းဆုံးဖြတ်ချက်အဆိုကို အတည်ပြုခြင်းဖြင့် မြန်မာနိုင်ငံအရေးကိစ္စအတွက် လက်တွေ့ကျသော အဖြေရှာဖွေရာတွင် မည်သို့မျှအထောက်အကူပြုနိုင်မည်မဟုတ်ပါ။

အဆိုပါဆုံးဖြတ်ချက်အဆိုကို အတည်ပြုရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ တစ်ချိန်တည်းတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်သည့်ဆုံးဖြတ်ချက်၊ အဆိုပါထိပါးသောဖော်ပြချက်များကို မြန်မာနိုင်ငံက လက်မခံနိုင်ပါ။ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများအပေါ် ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ခိုင်မြဲသောရပ်တည်ချက်အရလည်းကောင်း၊ ယခုအဆိုတွင် ပါဝင်သည့် သိမ်းကျုံးစွပ်စွဲချက်များအရလည်းကောင်း၊ လက်သင့်ခံနိုင်ဖွယ်မရှိသည့် တောင်းဆိုချက်များအရလည်းကောင်း မြန်မာနိုင်ငံက ယခုဆုံးဖြတ်ချက်အဆိုကို လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် လက်ရှိတွင် "NUG" ဆို သည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်း၏ ပါဝင်တက်ရောက်ခြင်း၊ မိန့်ခွန်းပြောကြားခြင်းနှင့် အခြားလုပ်ရပ်များကိုလည်း ခြွင်းချက်မရှိ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်။**

## ☆ ကျောဖုံးမှအဆက်

ဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ အာဆီယံအဖွဲ့ကြီးနှင့်ဆက်စပ်ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့်ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Power Point Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှုအခြေအနေများ၊ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ စိစစ်ခြင်းနှင့် မဲရုံနှင့်မဲရုံသုံးပစ္စည်းများ လျာထားတွက်ချက်ဆောင်ရွက်မှုအခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၁၁-၂၀၂၂ (စနေနေ့)

၁။ ၁၀း၄၆ စိုက်မွေးသုတ
၂။ ၁၃း၃၀ Live For You
၃။ ၁၆း၃၀ Popular Songs
၄။ ၁၉း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၅။ ၂၁း၄၀ Cupid Arrow

# စာဆိုတော်နေ့မှသည် အမျိုးသားစာပေမြင့်မားရေး

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို "နတ္တာဝ်၊ နတ်တာဝ်" စသည်ဖြင့် အမျိုးမျိုးရေးထိုးခဲ့ကြပေသည်။ ထိုလကို ဇေဒင်အခေါ်အားဖြင့် "ဓနု" ရာသီဟုခေါ်သည်။ "ဓနု"ဟူသော ပါဠိပုဒ်ကား "လေး" ဟု အဓိပ္ပာယ်ရ၏။ ရာသီရုပ်မှာ လေးဆွဲသောယောကျ်ားသဏ္ဌာန်ဖြစ်သည်။ နတ်တော်လ၏ နက္ခတ်မှာ "မိဂသီ" နက္ခတ်ဖြစ်ပြီး ရာသီပန်းမှာ ဂမုန်းပန်းနှင့်သဇင်ပန်းတို့ဖြစ်သည်။ တော်ဝင်သဇင်ပန်းများ ဖူးပွင့်ကြသည့် နတ်တော်လရာသီတွင် ရှေးမြန်မာဘုရင်များသည် မဟာဂီရိနတ်ပွဲ၊ မဟာပိန္နဲနတ်ပွဲနှင့် ဆင်ဖမ်းပွဲများကိုကျင်းပလေ့ရှိကြသည်။ ယခုခေတ်တွင် နတ်ပူဇော်ပွဲများအစား "စာဆိုတော်ပွဲ" များ ကျင်းပကြ၍ နတ်တော်လကို စာဆိုတော်လရာသီဟု ခေါ်လေသည်။ နတ်တော်လသည် နေ့တာတို၍ ညတာရှည်သောလဖြစ်သည်။

နတ်ပူဇော်ပွဲ ကျင်းပသောလဖြစ်သောကြောင့် မြန်မာမှုတွင် နတ်တော်လဟုအမည်ပေးခဲ့ခြင်းဖြစ်သည်။ ပုဂံမင်းအဆက်ဆက်တို့ ပုပ္ပားတောင်သို့တက်၍ မဟာဂီရိနတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ အနော်ရထာမင်းနန်းတက်စဉ် နတ်ကိုးကွယ်မှုကို နှိမ်နင်းဖျက်သိမ်း၍ ဗုဒ္ဓဘာသာကို ကိုးကွယ်စေခြင်းဖြင့် စာပေဖြင့် ကျော်ကြားသောရဟန်းရှင်လူစာဆိုများကို ချီးမြှင့်ခြင်း၊ ပူဇော်ကန်တော့ခြင်းများပြုလုပ်ပြီး စာဆိုတော်ပွဲအဖြစ်ကျင်းပကြသည်။

**စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ**

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်သည် စာဆိုတော်နေ့ဖြစ်သည်။ ၎င်းစာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် ပညာရေးဝန်ကြီးဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ သူကြီးဇေဝက်ဦးခင်မောင်၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန်စသော မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများ ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ စာဆိုတော်နေ့ကို စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် လေးနှစ်မြောက်တွင်မှ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ခရစ်နှစ် ၁၉၃၉ ခုနှစ်မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာတချို့ ဖွဲ့စည်းထားသော "ကလောင်အဖွဲ့" တစ်ခုသာရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်၊ ဂျီ၊ ဝဲလ် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်လာသောအခါ စာရေးဆရာများက စုပေါင်း၍ကျင်းပသော ဧည့်ခံပွဲနှင့် ဆရာကြီးပီမိုးနင်းကွယ်လွန်၍ ဈာပနကိစ္စတို့တွင် စာရေးဆရာများ စုစည်းမိကြရာမှ ဒီးဒုတ်ဦးဘချို ဦးဆောင်၍ စာရေးဆရာများအသင်းကို ထူထောင်ကြသည်။ မူလက "မြန်မာနိုင်ငံစာရေးဆရာများ အစည်းအရုံး"ဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် "မြန်မာနိုင်ငံ စာရေးဆရာများအသင်း"ဟု မှည့်ခေါ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မြန်မာနိုင်ငံ ပညာ့တံခွန်အသင်း၏ ဌာနခွဲကို ကွမ်းခြံကုန်းမြို့၌ ဖွင့်လှစ်ထားခဲ့သည်။ ကွမ်းခြံကုန်းမြို့ရှိ မြန်မာနိုင်ငံ ပညာ့တံခွန်အသင်း၏ ဌာနခွဲသည် ၁၉၄၄ ခုနှစ် နှစ်ဦးပိုင်းတွင် စာဆိုဦးပုညကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ကျင်းပနိုင်ခဲ့သည့်ပြင် မြန်မာနိုင်ငံအရပ်ရပ်တွင်လည်း ဦးပုညနေ့ အထိမ်းအမှတ်ပွဲများကျင်းပရန် လှုံ့ဆော်ခဲ့လေသည်။ ထိုအခါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပညာ့တံခွန်အသင်းနှင့်တကွ ထိုကာလ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဦးပုညနေ့ အထိမ်းအမှတ်ကျင်းပရေးကိစ္စကို အရေးယူဆောင်ရွက်သောအားဖြင့် ၁၉၄၄ ခုနှစ် မေ ၁၂ ရက်တွင် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။

ထိုအစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆိုတစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့သတ်မှတ်သင့်ကြောင်း စာဆိုတော်နေ့သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ တစ်ဆက်တည်းပင် မည်သည့်ကာလအပိုင်းအခြားကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြရာ နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထိုအခါမှစ၍ စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။ ထိုအစည်းအဝေးမှာပင် ထိုနှစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်မှစ၍ စာဆိုတော်နေ့အထိမ်းအမှတ်ပွဲကျင်းပရန် ၎င်းအထိမ်းအမှတ်ပွဲအဖြစ် စာပေဟောပြောပွဲများကျင်းပရေး ရက်သတ္တတစ်ပတ်လုံး စာပေအကြောင်းအရာအမျိုးမျိုးကို အသံလွှင့်ရေးကိစ္စများ စသည်တို့ကို စဉ်းစားဆွေးနွေးကြသည်။ ထိုကိစ္စများကို အသေးစိတ်ဆွေးနွေးရန် သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော နာယကအဖွဲ့နှင့် ဦးဖေမောင်တင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့လေသည်။

ပထမဆုံးအကြိမ် စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် နံနက်ပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ သက်ရှိစာဆိုတော်ကြီးများကို စာရေးဆရာများက လက်အုပ်ချီကန်တော့ခဲ့ကြပြီး ညနေပိုင်းတွင် ဗမာ့ခေတ်သတင်းစာတိုက်၌ မိတ်ဆုံလက်ဖက်ရည်ပွဲ တည်ခင်းသုံးဆောင်ကာ ညပိုင်းတွင် မြိုင်ပြဇာတ်ရုံ၌ ပဒေသာကပွဲ ကပြဖျော်ဖြေခဲ့သည်။ ထိုပထမဆုံးအကြိမ် စာဆိုတော်နေ့ အထိမ်းအမှတ်ပဒေသာကပွဲတွင် ဦးပုည၏ ဝိဇယပြဇာတ်လာ ဇာတ်ဝင်ခန်းတစ်ခန်းသည်လည်း ကပွဲအစီအစဉ်တစ်ခုအဖြစ်ပါဝင်ခဲ့သည်။ ထိုဇာတ်ဝင်ခန်းကို အခြေပြု၍ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဝိဇယပြဇာတ်ကို ဇာတ်ကြီးအဖြစ် ကပြခဲ့လေသည်။ ထိုစဉ်က ဝိဇယပြဇာတ်ကပြမှုသည် နိုင်ငံရေးအရ ဖက်ဆစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုတစ်ရပ်ဖြစ်သည့်အလျောက် အောင်မြင်မှုရခဲ့လေသည်။ ၁၉၄၅ ခုနှစ်တွင်မူ စာဆိုတော်နေ့ အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့သည်။ ထိုနှစ် စာဆိုတော်နေ့တွင် ပညာရှိစာဆိုအမတ်ကြီး ဦးပေါ်ဦးကို ဂုဏ်ပြုသောအားဖြင့် ဦးပေါ်ဦး ပြဇာတ်ကပြခဲ့သည်။ သက်ရှိစာဆိုတော်ကြီးများကိုလည်း ကန်တော့ခဲ့ကြသည်။ နောက်နှစ်များတွင် စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများကို မြို့နယ်များ၌ပါ ကျင်းပလာခဲ့သည်။ မြို့နယ်များတွင် သတင်းထောက်များ၊ ကျောင်းဆရာများနှင့် လူငယ်အဖွဲ့အစည်းများကကြီးမှူးကျင်းပလေ့ရှိရာ ၎င်းအခမ်းအနားများတွင် စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ပဒေသာကပွဲများ ထည့်သွင်းကျင်းပခဲ့ကြသည်။

ရန်ကုန်မြို့တွင် စာရေးဆရာအသင်းကကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နံနက်ပိုင်း၌ သက်ရှိစာဆိုတော်ကြီးများကို ကန်တော့ခြင်း၊ စာရေးဆရာအသင်းဥက္ကဋ္ဌက စာပေဆိုင်ရာ မိန့်ခွန်းပြောကြားခြင်း၊ ညပိုင်း၌ စာပေဆိုင်ရာပြဇာတ် သို့မဟုတ် ပဒေသာကပွဲ ကပြလာခဲ့သည်မှာ ၁၉၅၀ ပြည့်နှစ်ထိဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသော စာဆိုတော်နေ့အခမ်းအနားကို လူထုအခမ်းအနားကြီးတစ်ခုအသွင် စတင်ကျင်းပကာ စာဆိုတော်နေ့ကို ပြည်သူတစ်ရပ်လုံး၏ နေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့ကြလေသည်။

❖ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် သုတ၊ ရသ စာပေမှသည် အမျိုးသားစာပေတို့သည် နိုင်ငံတော်အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်လည်လေ့လာသုံးသပ်လျှင် အမျိုးသားစာပေသည်လည်း အနှိုင်းမဲ့သော စွမ်းအားတည်ရှိနေပေသည်။ "မြန်မာစာသည် တို့စာ၊ တို့စာကိုချစ်ပါ" ဟူသောစာပေလှုပ်ရှားမှုဖြင့် မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ အမျိုးသားစာပေသည် နိုင်ငံ့ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော ဆီမီးတိုင်တစ်ခုပင်ဖြစ်သည်။ ❖

**စာဆိုတော်ပွဲ**

ရှေးမြန်မာဘုရင်များလက်ထက်က နတ်တော်လတွင် ဆင်ဖမ်းပွဲနှင့်ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်သည့် ဘွဲ့နှင်းသဘင်ပွဲတို့ကိုလည်း ခမ်းခမ်းနားနားကျင်းပပြုလုပ်လေ့ရှိကြသည်။ နတ်တော်လတွင် ရာသီပွဲတော်အဖြစ် ထူးထူးခြားခြားပေါ်ထွက်လာသည့်ပွဲကား "စာဆိုတော်ပွဲ"ပင်ဖြစ်သည်။ စာဆိုတော်ဆိုသည်မှာ ဘုရင်ခေတ်က တွင်ကျယ်ခဲ့သော ထီးသုံးနန်းသုံးဝေါဟာရတစ်ခုဖြစ်သည်။ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသား၊ ဘုရင့်သားတော်၊ သမီးတော်တို့ ဘုန်းတန်ခိုးကြီးပုံ၊ လက်ရုံးရည်၊ နှလုံးရည် ထူးချွန်ပုံတို့ကို ချီးကျူးဖွဲ့ဆိုသူများအား စာဆိုတော်ဟု ခေါ်ခဲ့ကြသည်။ ယခုခေတ်၌မူ စာဆိုတော်ဟူသော ဝေါဟာရသည် ပြည်သူ့စာပေလုပ်သား၊ စာရေးဆရာအားလုံးနှင့် သက်ဆိုင်သောကြောင့် စာရေးဆရာများကို စာဆိုတော်ဟုခေါ်ဆိုကြလေသည်။ ယခုအခါ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့၌ ထူးချွန်စာဆိုတော်များအား ဆုချီးမြှင့်ခြင်း၊ သက်ကြီးစာဆိုတော်များကို ဂါရဝပြုကန်တော့ခြင်းများဖြင့် စာဆိုတော်ပွဲကို ကျင်းပကြသည်။

## မေတ္တာမိုးနင်း(ပဲခူး)

**စာဆိုတော်နေ့မှသည် အမျိုးသား စာပေ**

"စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေဟူသည်ကား လူမျိုး၏အသက်ပင်ဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်းပျောက်ကွယ်သွားတတ်ပေသည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် သုတ၊ ရသ စာပေမှသည် အမျိုးသားစာပေတို့သည် နိုင်ငံတော်အတွက် အရေးပါသောအခန်းကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်လည်လေ့လာသုံးသပ်လျှင် အမျိုးသားစာပေသည်လည်း အနှိုင်းမဲ့သောစွမ်းအားတည်ရှိနေပေသည်။ "မြန်မာစာသည် တို့စာ၊ တို့စာကိုချစ်ပါ"ဟူသော စာပေလှုပ်ရှားမှုဖြင့် မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ အမျိုးသားစာပေသည် နိုင်ငံ့ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော ဆီမီးတိုင်တစ်ခုပင်ဖြစ်သည်။

စာပေတွင် သုတစာပေနှင့်ရသစာပေဟူ၍ နှစ်မျိုးရှိသည်။ သုတစာပေကိုဖတ်လျှင် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ခေတ်မီတိုးတက်လာသော ခေတ်အခြေအနေများကို စုံလင်စွာသိရှိနိုင်သည်။ ရသစာပေကို ဖတ်ရှုလျှင် လူ့သဘာဝ၊ လူ့လောက၏ အဆိုးအကောင်း၊ အကျိုးအပြစ်တို့ကို သိမြင်နိုင်ပေလိမ့်မည်။ အမျိုးသားစာပေဟုဆိုရာ၌ သုတရသအားလုံးကို သိမြင်စေနိုင်သောစာပေပင်ဖြစ်သည်။ အမျိုးသားစာပေသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခြင်း၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေခြင်း၊ အကျင့်စာရိတ္တကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးဟူသမျှကို ပေးစွမ်းနိုင်သောဂုဏ်ရည်နှင့်ပြည့်ဝပေသည်။ ထို့ကြောင့်ပင် နိုင်ငံနှင့်လူမျိုးအတွက် စာပေတာဝန်ထမ်းဆောင်လျက်ရှိသော စာပေပညာရှင်များကို "စာဆိုတော်နေ့"အခမ်းအနားများကျင်းပ၍ ဂုဏ်ပြုကြခြင်းပင်ဖြစ်သည်။

**အမျိုးသား စာပေမြင့်မားရေး**


အမျိုးသားစာပေမြင့်မားရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ခေတ်မီတိုးတက်လာသည်နှင့် အမျှ နည်းပညာနှင့်အပြိုင် အသက်မွေးဝမ်းကျောင်းပြုရသော ပညာခေတ်သို့ ရောက်ရှိလာခဲ့ပေသည်။ ပညာခေတ်တွင် စာပေသည် လူသားတို့နှင့်ကင်းကွာ၍ မရတော့ပေ။ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသောစာပေမှသည် မျက်မှောက်ခေတ်စာပေရေးရာများကို လိုအပ်သလိုလေ့လာကြရတော့မည်။ ခေတ်စနစ်များပြောင်းလဲလာသော်လည်း မပျောက်ပျက်အောင်ထိန်းသိမ်းရမည့် ဓလေ့ထုံးစံများ၊ သမိုင်းအမွေအနှစ်များသည် ရှေးခေတ်စာဆိုတို့၏ သမိုင်းမှတ်တမ်းစာပေများတွင်သာ လေ့လာသိရှိနိုင်ပေသည်။ ထို့ကြောင့်ပင် မြန်မာ့အမွေ၊ သမိုင်းအမွေဖြစ်သော မြန်မာ့စာပေ(အမျိုးသားစာပေ)ကို ထိန်းသိမ်း၍ ဖတ်ရှုလေ့လာကြပြီး ခေတ်နှင့်အညီဖော်ညွှန်းပြသကြရပေမည်။ သို့မှသာ အမျိုးသားစာပေအဆင့်အတန်း ပိုမိုမြင့်မား၍ အမျိုးသားရေးစိတ်ဓာတ်လည်း ပို၍ရှင်သန်လာပေလိမ့်မည်။ ထို့ကြောင့် အမျိုးသားစာပေမြင့်မားရေးကို နိုင်ငံသားတိုင်းဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)
စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၀

# စိမ်းလဲ့လဲ့ဝေဟင်

စောသ (နေပြည်တော်)



(၁)

တောင်သမန်အင်းကမ်းစပ်သို့ ရောက်တိုင်း တိမ်စိုင်ကင်းမဲ့နေသော ကောင်းကင်ပြာပြာကို နာကြည်းစွာမော့မော့ကြည့်တတ်၏။ သူနှင့်အတူ ပျော်ရွှင်ခဲ့ဖူးသည့် အမှတ်တရများကလည်း အင်းတစ်ခွင် တဝဲလည်လည်။ ဆောင်းလေနုနုကပဲ အတိတ်ကို ဆေးအသစ်ပြန်ရေးလိုသလား၊ နှလုံးသားကပဲ ပစ္စုပ္ပန်၌ မနေလိုသလားမသိ။ လွန်ခဲ့သောနှစ်အနည်းငယ်က အတွေးစများကတော့ တောင်သမန်တံတားတိုင်များပမာ ပတ္တလားစီလျက် တပ်ဆုတ်နေကြလေပြီ။

(၂)

တောင်သမန်အင်း ကမ်းစပ်ဘေးရှိ မည်စည်ပင်အောက်တွင် သူ့ကိုယ်ငွေ့လေးတို့ဖြင့် သာယာနေခိုက် ကြည်နူး၍မှမဝသေး။ အလိုမကျဖြစ်နေခဲ့သည်မှာ ကြာပြီဖြစ်သောကိစ္စတစ်ခု အတွေးထဲသို့ ဆိုင်းမဆင့်ဗုံမဆင့်ဝင်ရောက်လာ၍ ဖျတ်ခနဲဆို သူ့ရင်ခွင်မှ ဖယ်ခွာလိုက်သော်-

"ဘာပြောမလို့လဲ အသု ပြောလေ"

ယခင်ကဆိုလျှင် ရွှေစင်သုဟူသောနာမည်ကို အဖျားဆွတ်၍ အသု အသုဟု သူ့ထံမှကြားရလျှင် ဘာကြောင့်ရယ်မသိ အလိုလိုရင်ခုန်မိ၏။ ယခုတော့ အသွေးအသားက တစိုးတစိမျှမတုန်လှုပ်။

"အခုလို ခိုးကြောင်ခိုးဝှက်တွေ့နေရတာ တော်တော်လေး ငြီးငွေ့နေပြီနော်။ ဦးလေးကို အသုတို့အကြောင်း အသိပေးလိုက်ချင်ပြီ"

ကျွန်မ ငါးနှစ်သမီးအရွယ်ကတည်းက မိဘများမရှိကြတော့ပေ။ ပြေးကြည့်စရာဆွေမျိုးဆို၍ ဦးလေးတစ်ယောက်တည်းသာ။

"အသုကလဲကွာ ခဏတော့စောင့်ပါအုံးဆိုနေ"

တကယ် နားရည်ဝနေပါပြီ။ သို့သော် ယခု စိတ်မရှည်သည့်လေသံနှင့် ပြောလိုက်၍ ကျွန်မဖြင့် ကြောင်တက်တက်။ မိန်းမသားတစ်ယောက်အနေနှင့် သည်လိုခွင့်တောင်းခြင်းက လွန်လေရော့သလား။ ကျွန်မ မျက်စိမျက်နှာပျက်သွားပုံကို သူရိပ်မိသွားဟန်။

"အသုကို တင့်တောင့်တင့်တယ်ထားနိုင်ဖို့ အလုပ်ကြိုးစားနေရတာလေ။ အဲ အဲဒါကြောင့်မို့လို့ပါနော်"

"ဘာအလုပ်ကြိုးစားတာလဲ။ အဲဒီ ဆံပင်ညှပ်တဲ့အလုပ်လေးကိုပဲလုပ်နေ။ ဦးလေးကလဲ အဲဒီလောက်အရည်အချင်းမျိုးနဲ့ ပေးစားပါလိမ့်မယ် အားကြီးကြီး"

"ကို ကို ကြိုး ကြိုးစားပါ့မယ်"

"ဟာ ချက်ချင်းကြီး အားပြတ်သွားသလားပဲ။ အသုကို လက်ထပ်ဖို့ရည်ရွယ်ပြီး ချစ်ခဲ့တာကော ဟုတ်ရဲ့လား ဟင်"

ငိုမဲ့မဲ့ပြောလိုက်သောကျွန်မ မျက်ရည်စို့လာပြီဖြစ်သည့်အတွက် ကျွန်မ၏ပခုံးနှစ်ဖက်ကို သူဖျတ်ခနဲ စုံကိုင်ကာ-

"ဒီမှာ အသု ကိုအချစ်ရဆုံးသူက အသုပဲ။ ဘယ်သူ့ကိုမှမချစ်ဖူးတဲ့ အချစ်မျိုးနဲ့ အသုတစ်ယောက်တည်းကိုပဲချစ်တာ"

သံစဉ်လေးတို့မည်သည် နားဝင်ချိုကြောင်း ထိုအခါမှပဲရိပ်မိ၏။ တစ်ဆက်တည်းတွင်ပင် ကျွန်မ၏လက်ကို အသာအယာလှမ်းကိုင်၍-

"အသုနဲ့မပေါင်းချင်လို့ မဟုတ်ပါဘူးကွာ။ အသုကို စချစ်ကတည်းက ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ပြီး ချစ်ခဲ့တာလေ။ အခုလိုချိန်ပေါင်းရမယ်ဆိုရင် ရှေ့ဆက်ကြုံတွေ့ရမဲ့ ဆင်းရဲဒုက္ခတွေကို အသု ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ အဲဒါကြောင့်မို့ သည်းခံပြီးစောင့်ပေးပါကွာ နော်"

သူ အချော့ကောင်းခဲ့သည်ထင်၏။

"အသုက ကိုကို ဆုံးရှုံးရမှာကြောက်လို့ပါ"

"ကြိုမမြင်နိုင်တဲ့အနာဂတ်ကို တွေးပူမနေပါနဲ့ အသုရာ။ အခုက ကိုတို့နှစ်ယောက် ပျော်ပျော်နေရမဲ့ အချိန်လေ။ စိတ်ရှုပ်စရာတွေ တွေးမနေနဲ့တော့။ ဟုတ်ပြီလား"

ကျွန်မလည်း ဘာမျှပြန်ပြောမနေတော့ဘဲ သူ့ရင်ခွင်ထဲသို့ တစ်ဖန်ခိုအောင်း၍ ပူပူနွေးနွေး မျက်ရည်စများကို မျက်တောင်တို့ဖြင့် နာနာကျင်ကျင် ရိုက်ခတ်လိုက်၏။

(၃)

"တူမလေး မနေ့တုန်းက အင်းစပ်မှာ ကောင်လေးတစ်ယောက်နဲ့ ချိန်းတွေ့နေတယ်ဆို"

ဦးလေး မည်သို့မည်ပုံသိသွားပါလိမ့်။ ငြင်းဆန်၍လည်း မရသည်ကတစ်ကြောင်း၊ အစကတည်းက အသိပေးလိုနေသည်ကတစ်ကြောင်းကြောင့် ချက်ချင်းပဲ ခေါင်းညိတ်လိုက်၏။

"ဘယ်သူလဲ၊ ဘာအလုပ်လုပ်တာလဲ၊ သူ့မိဘအသိုင်းအဝိုင်းကရော ဘယ်လိုအဆင့်အတန်းရှိလဲ"

သည်တစ်ခါတော့ မိရွှေစင်သု ကြက်သေသေနေရလေပြီ။ ဦးလေးမှာမူ မျက်နှာထားတင်းမာနေဆဲ။ သို့သော်ငြား မတော်တရော်နှင့်လားထင်၍ ကျွန်မအတွက် စိုးရိမ်ပူပန်နေမှု အရိပ်အယောင်ကတော့ အထင်းသား။ ကို့အလုပ်အကြောင်းကိုလည်း ပြောပြလိုက်သော် ဦးလေးသည် ချက်ချင်းပဲ မျက်စိမျက်နှာပျက်သွား၏။ ငွေကြေးချမ်းသာမှုကိုသာ အလေးပေးတတ်သည့် ဦးလေးအဖို့ သူ့ဘဝအခြေအနေက နှာခေါင်းရှုံ့စရာဖြစ်နေသည်။

"သမီးတို့လိုမပြည့်စုံပေမဲ့ သမီးကိုတော့ အပြည့်အဝချစ်ပေးပါတယ် ဦးလေးရဲ့။ ပြီးတော့ သမီးလဲ"

ကျွန်မကို စကားဆုံးခွင့်မပေးချေ။

"တော်တော့ တော်တော့ မနက်ဖြန်မနက် သူ့နဲ့စကားပြောကြည့်ချင်တယ်"

"ရှင် ဦးလေး တကယ်ပြောနေတာလား"

ကျွန်မ၏အပြုံးမှာမူ ဆည်ကြီးပေါက်ကျိုးသကဲ့သို့ ဝုန်းခနဲဆို ဣန္ဒြေမထိန်းနိုင်တော့ချေ။ တစ်ဆက်တည်းတွင်ပင်-

"ဒီမှာ အသု ကိုအချစ်ရဆုံးသူက အသုပဲ။ ဘယ်သူ့ကိုမှ မချစ်ဖူးတဲ့အချစ်မျိုးနဲ့ အသုတစ်ယောက်တည်းကိုပဲချစ်တာ"

သူ့စကားကို ပြန်ကြားယောင်မိသွား၍ ရင်ထဲတလှပ်လှပ်။

(၄)

နောက်တစ်နေ့နံနက်ခင်းဝယ်-

"ကို ကို"

သူ့အိမ်ခြံဝင်းရှေ့ကနေ လှမ်းခေါ်နေလေရာ ခေတ္တအကြာမှ ခြံအပြင်သို့ သုတ်သီးသုတ်ပျာထွက်လာ၏။

"ဟင် အသု ဆိုင်းမဆင့်ဗုံမဆင့်ပါလား။ ဘာအရေးတကြီးကိစ္စရှိလို့လဲ"

"ဩော်. . . ကိုယ့်ချစ်သူကို လာတွေ့တာပဲ။ ဘယ်ဘုရင်ကို သံတော်ဦးတင်နေရအုံးမှာလဲလို့"

ကျွန်မ အပျော်လွန်နေ၍ တီတီတာတာစကားဆိုလိုက်မိ၏။

"မ မဟုတ်ပါဘူး။ အံ့ဩသွားလို့ပါ။ အိမ်ထဲဝင်အုံးလေ။ ဟိုမှာ ဆံပင်ညှပ်ပေးရမဲ့သူ သုံးယောက်ကျန်သေးတယ်"

"ဟာ ကြာမှာပေါ့၊ ထားခဲ့လေကိုရဲ့။ ဦးလေးက အခုချက်ချင်းခေါ်ခိုင်းလိုက်တာ"

"ဟေ အသုရဲ့ဦးလေးကခေါ်ခိုင်းတယ် ဟုတ်လား"

"ဟုတ်ပါ့ရှင် အသုတို့အကြောင်းကို ဦးလေး သိသွားပြီလေ။ အဲဒါ ကိုနဲ့စကားပြောချင်လို့တဲ့"

"ဩော်. . . အွန်းအွန်း၊ ဒါဆို အခုတစ်ခေါင်းကို တော့လက်စသတ်လိုက်မယ်နော်။ ခဏပါပဲ။ လာလာ အပြင်မှာမသင့်တော်ဘူး"

"ဟုတ်ဟုတ်"

သို့ဖြစ်၍ ကျွန်မလည်း သူနှင့်အတူ ခြံထဲသို့ ခပ်သွက်သွက်ဝင်သွား၏။ သူ ညှပ်လက်စကို ဆက်ညှပ်ဖို့ဟန်ပြင်လိုက်ချိန်တွင်ပင်-

"အဟွပ် အဟွပ်"

တစ်စုံတစ်ဦး၏ အပြင်းအထန်ချောင်းဆိုးသံကို ရုတ်တရက်ကြားလိုက်ရသည်။ သူကတော့ ဘာမှမပြောဘဲ သုတ်ခနဲအိမ်ထဲပြေးဝင်ပြီး အခန်းတစ်ခန်းထဲဝင်သွား၏။ သူ့အသံ၊ အမျိုးသမီးတစ်ဦး၏အသံ၊ ချောင်းဆိုးသံများကတော့ နားထဲမစဲပေ။

"အဖေ"

"အဟွပ် အဟွပ်"

"သက်သာရဲ့လား ယောကျ်ား"

"ဒီမနက် အဖေဆေးသောက်တာလဲ မမြင်ဘူးနော်။ ဆေးမသောက်ရသေးဘူးလားဟင်"

သူ့မေးခွန်းအဆုံးတွင်ပဲ အတန်ငယ်ကြာသည်ထိ ငြိမ်သက်တိတ်ဆိတ်သွားလေရာ ကျွန်မလည်း မမြင်ရသည့်အခန်းကိုသာ ငေးလျက်နားစွင့်နေရတော့၏။

"ဟင် ဆေးတွေမရှိတော့ပါလား။ ကုန်သွားတာလား"

"အွန်း ကြာ ကြာပြီ သား"

"ဟာ ဘာလို့မပြောတာလဲ အမေရာ။ ဆေးသောက်မှသက်သာမှာကို ခဏ ခဏ"

သူ့စကားအဆုံးတွင်ပဲ အမျိုးသားတစ်ယောက်၏ အသံကို ရုတ်ခြည်းကြားလိုက်ရသေးသည်။

"မသွားပါနဲ့တော့ သားရယ်။ အဟွပ် ငါ့သား အဲဒီလိုသွားဝယ်မယ်ဆိုတာသိလို့ တမင်မပြောတာပါ။ အဟွပ် အဟွပ်"

"ဗျာ ဘာတွေပြောနေတာလဲ အဖေ"

"အဖေက အသက်လဲရနေပါပြီကွာ။ ဒီတီဘီရောဂါဒဏ်ကိုလဲ ကြာကြာခံနိုင်တော့မှာမဟုတ်ဘူး။ အဲဒါကြောင့်မို့လို့ အဖေ့အတွက်နဲ့ ပိုက်ဆံအပိုကုန်ခံမနေပါနဲ့တော့။ အဟွပ် အဟွပ် အဟွပ်"

ချောင်းဆိုးသံများကြားတွင် အမျိုးသမီး၏ ငိုရှိုက်သံကိုလည်း သဲ့သဲ့လေးကြားလိုက်မိသည်။

"ဟာဗျာ ရောဂါအရှင်းပျောက်သွားအောင် ဆေးရုံတင်ပြီး ကုမှာပေါ့ဗျ။ အခုတော့ ဆေးသောက်ပြီး အားမွေးထားပါနော် အဖေ။ သား ဆေးသွားဝယ်"

သူ့စကားမဆုံးခင် ကျွန်မ ငြိမ်သက်စွာနားထောင်နေခိုက် ကျယ်လောင်သောအသံကြောင့် ထိတ်ခနဲလန့်ဖျပ်သွား၏။

"ဟေ့ကောင် ငါ လူလိုပြောနေတာ လူလိုနားလည်စမ်း။ အဟွပ် အဟွပ် ငါက မသွားနဲ့ဆို မသွားနဲ့ပေါ့။ အလုပ်အားနေရင် ထင်းသွားခွဲ၊ ပြီး ထမင်းချက်ထား၊ သွား အဟွပ် အဟွပ်"

မကြာလိုက်ပေ။ ချောင်းဆိုးသံများ ပွဲတင်ထပ်နေသည့် အခန်းထဲမှ သူထွက်လာလေပြီ။ မြင်မြင်ချင်းပဲ ဦးလေးနှင့်ချိန်းထားသည့် ကျွန်မတို့ကိစ္စက ခေါင်းထဲပြန်ဝင်လာ၏။

"ကြာလိုက်တာကိုရယ်။ လာလာ သွားမယ် သွားမယ်"

"နေအုံး အသု။ ကို အခုမလိုက်နိုင်သေးဘူး"

အကြာကြီးရပ်စောင့်နေခဲ့ပြီးမှ ထိုစကားကို ကြားလိုက်ရ၍ ကျွန်မ ယောင်းခနဲဒေါသထွက်သွား၏။

"အဖေ နေမကောင်းလို့ပါ။ သက်သာတာနဲ့ ဆက်ဆက်လာခဲ့ပါ့မယ်။ ဦးလေးကိုလဲ အနူးအညွတ်တောင်းပန်ပါတယ်လို့ ပြောပေးအုံးနော်"

ကျွန်မကတော့ နှုတ်ခမ်းစူကာ ငြိမ်လျက်သား။

"စိတ်မဆိုးပါနဲ့ကွာ။ ကိုတကယ်မတတ်သာလို့ပါနော်။ နေမြင့်နေပြီမို့လို့ ပြန်တော့ အသု။ ကိုလဲ အဖေ့ကို. . ."

ဆက်၍ နားမထောင်လိုတော့သဖြင့် သူ့စကားမဆုံးခင်တွင်ပဲ သုတ်ခနဲလှည့်ထွက်လာခဲ့၏။ အိမ်ထဲသို့ဝင်ဝင်ချင်း-

"တစ်ယောက်တည်းလား"

ဦးလေး မျက်မှောင်ကြုတ်လျက် မေးလိုက်သော်-

စာမျက်နှာ ၂၅သို့ ➤

# ပန်းတနော်မြို့နယ် ပိုက်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ပန်းတနော် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုက်တန်းကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပိုက်တန်းကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၁၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်မြင်သောဝိသကြုံကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးထံမှ သိရသည်။ **ငြိမ်းသူ(လေး)**

---

➤ စာမျက်နှာ ၂၄မှအဆက်

"သူ့အဖေနေမကောင်းလို့ မလိုက်နိုင်သေးဘူးတဲ့"

ဒေါသအရှိန်မပြယ်သေး၍ စိတ်မရှည်သည့်လေသံဖြင့်ပြောပြီးနောက် အိပ်ခန်းထဲသို့သာ ဆောင့်ကြီးအောင့်ကြီးဝင်သွားတော့၏။

(၅)

ထိုနေ့ညနေတွင်ဖြစ်၏။ မှတ်မှတ်ရရ ၅ နာရီခွဲပြီးစတွင်-

"ဦးလေးခင်ဗျ ဦးလေး"

သူ့အသံမှ သူ့အသံ။ မျက်နှာကိုမှ မမြင်ရသေး။ အသံကြားလိုက်သည်နှင့်ပင် ယခင်က ဒေါသများအားလုံးပျောက်ချင်းမလှပျောက်သွား၏။ သို့ဖြစ်၍ သူ့ဆီ ဒုန်းပြေးသွားပြီး ခြံတံခါးဖွင့်ပေးလိုက်၏။ ခဏအကြာတွင်ပင် ဦးလေးနှင့် သူမျက်နှာချင်းဆိုင်လေပြီ။

"ဆံပင်ညှပ်တယ်ဆို"

သူထိုင်လိုက်ချိန်မှာပဲ ဦးလေးက ဖျတ်ခနဲမေးလိုက်၏။

"ဟုတ် ဟုတ်ပါတယ်ဗျ"

"ဆိုင်ဖွင့်ထားတာလား"

"မဟုတ်ပါဘူး ဦးလေး၊ အိမ်မှာပဲညှပ်တာပါ"

"မဖွင့်နိုင်ဘူးဆိုပါတော့။ ထားပါလေ တစ်နေ့ကိုဘယ်လောက်ရလဲ"

"ပုံမှန်တော့မရှိဘူးဗျ။ တစ်နေ့ကို အများဆုံး ကိုးထောင်လောက်တော့ရပါတယ်"

"ဟာ့ မင်းရဲ့ တစ်နေ့ဝင်ငွေက တူမလေးရဲ့အကျီဖိုးတောင်မရှိဘူးဘဲ"

ဦးလေး ဘဝင်မကျသည့်လေသံဖြင့် ပြောလိုက်၍ ကျွန်မ စိတ်ကသိကအောက်ဖြစ်သွားသော်ငြား သူကတော့ ခပ်တည်တည်။

"ဒါနဲ့များ တူမလေးကို ဘယ်လိုလုပ်တင့်တောင့်တင့်တယ်ထားနိုင်မှာလဲ ဟင်။ မင်းပြောတဲ့ တစ်နေ့ကိုးထောင်ဆိုတာ ဝင်ငွေပဲရှိသေးတာနော်၊ ထွက်ငွေမပါသေးဘူး"

"ဟုတ်ကဲ့ ကျွန်တော်လဲ အခြားဝင်ငွေကောင်းတဲ့အလုပ်လုပ်ဖို့ စဉ်းစားထားပါတယ်။ အခွင့်မကြုံသေးတာနဲ့ ဒီအလုပ်လေးမှာပဲ မြဲနေရတာပါ။ ပြောချင်တာက အသုကို အခုချက်ချင်း လက်ထပ်မှာမဟုတ်သလို ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်မယူနိုင်သေးဘူး။ အဲဒါကြောင့် တစ်နေ့ကျရင်. . ."

"အဲဒီတစ်နေ့က ဘယ်တော့လဲ"

ဦးလေးက စကားမဆုံးမီဖြတ်မေးလိုက်၍ သူကြောင်တက်တက်ဖြစ်သွား၏။ ကျွန်မကို လှစ်ခနဲလှမ်းကြည့်လိုက်၊ ကြမ်းပြင်ကို ပြန်ငုံ့ကြည့်လိုက်နှင့် တစ်မိနစ်ခန့်ကြာသွားလေပြီ။

"မသိလို့မေးပါအုံးမယ်။ မင်း ငါ့တူမလေးကို တကယ်ရောချစ်ရဲ့လား။ ကေ့ွ တူမလေးရဲ့ချမ်းသာကြွယ်ဝမှုတွေကို အပိုင်စီးချင်လို့များလား"

"ဦးလေး ဘယ်လိုပြောလိုက်တာလဲ"

သူ့ကို အားနာလွန်း၍ ကျွန်မကြားဖြတ်ဝင်ပြောလိုက်သော်-

"တစ်ခွန်းမှမဟနဲ့ တူမလေး"

ဦးလေးသည် သူ့ကိုစိုက်ကြည့်နေလျက်က ကျွန်မကို ပြန်ပြောလိုက်ခြင်းပင်။

"ရပါတယ် အသု ပြောပါစေ။ ဒီလောက်ဆိုရင် ကျွန်တော်တို့အပေါ် ဦးလေးဘယ်လိုသဘောထားသလဲဆိုတာ နားလည်သွားပါပြီ။ မေးချင်တာက အသု. . ." ဆိုပြီး ကျွန်မဆီ ဆတ်ခနဲအကြည့်လွှဲကာ-

"ကိုနဲ့အတူ လိုက်နေမယ်မဟုတ်လား"

"ရှင်"

ဖြုန်းစားကြီးမေးလိုက်၍ ကျွန်မဖြင့် ပါးစပ်အဟောင်းသား။ ဦးလေးရှေ့မှာတင် ယောကျ်ားနောက်လိုက်ပြေးဖို့ ပြောရက်လေသလား။

"ဒီစည်းစိမ်ဥစ္စာတွေအကုန်လုံးကိုထားခဲ့ပြီး ကိုနဲ့လိုက်နေနိုင်လားလို့"

"ဘာတွေလျှောက်မေးနေတာလဲကိုရဲ့။ ပြေလည်အောင်ပြောလေ"

"အသုရဲ့ဦးလေးကိုပဲ အရင်မေးကြည့်ပါအုံး။ ကိုတို့ကို သဘောတူနိုင်ရဲ့လားလို့"

သူ့စကားအဆုံးတွင်ပင် ကျွန်မလည်း ဦးလေးဘက်သို့ ရုတ်ခနဲလှည့်ကာ မေးမြန်းတော့မည်ဆဲဆဲ-

"ဟုတ်တယ် တူမလေး။ ဦးလေး သဘောမတူနိုင်ဘူး။ သူ့အရည်အချင်းနဲ့ တူမလေးကို ပြည့်ပြည့်စုံစုံထားနိုင်မယ်ဆိုတာ ဦးလေးမယုံဘူး"

"ကဲ. . . ဒါဆို ကိုပြန်တော့မယ် အသု။ ခွင့်ပြုပါအုံး ဦးလေး"

ပြောပြီးပြီးချင်းပဲ ဧည့်ခန်းထဲမှ သုတ်သုတ်ခြေခြေထွက်သွား၏။ သူ့နောက်လိုက်မသွားရန် ဦးလေးမျက်ရိပ်မျက်ခြည်ပြသော်လည်း ကျွန်မခေါင်းခါပြလိုက်ရုံသာ။ သူကဖြင့် ခြံတံခါးအနားရောက်နေလေပြီ။

"ကို ကို"

အော်ခေါ်နေလျက်က သူ့ဆီ အမြန်ပြေးသွား၏။

"တကယ်ပဲ ထားသွားတော့မယ်ပေါ့။ ဟုတ်လား"

ကျွန်မ ခပ်မာမာလေသံဖြင့်မေးလိုက်သော်-

"ကိုထားခဲ့တာမဟုတ်ဘူးလေ။ အသုမှ မလိုက်ချင်ဘဲ"

"ကိုကရော အသုကို ဆင်းရဲတွင်းထဲခေါ်ရက်လို့လား"

"ဟုတ်ပါတယ် ကိုမခေါ်ပါဘူး။ အသုအတွက် ပေးဖို့အချိန်လဲမရှိတော့ဘူး။ အဖေ့ရဲ့ကျန်းမာရေး"

"ဟာ ဘာမှအရေးမပါတာကိုများ စကားလုပ်ပြောနေသေး"

"ဖျောင်း"

စကားအဆုံးတွင် ကျွန်မ၏ ပါးပြင်တစ်ဝိုက်ပူစပ်သွားသည်။ ထပ်ရိုက်ဖို့ရွယ်လိုက်သေး၏။ ကျွန်မ မျက်ထောင့်နီဖြင့်ကြည့်လိုက်၍လားမသိ လက်ကိုပြန်ရုတ်၏။ သို့သော် ကရုဏာသက်မိပုံမရ။

"သွား အခုချက်ချင်း ခြံထဲကထွက်သွား။ ရှင့်လို အဆင့်အတန်းမရှိတဲ့ အနုပ်စုတ်ကုပ်စုတ်ကို မမြင်ချင်ဘူး"

မိန်းမသားတစ်ယောက်အပေါ် စာနာမှုကင်းမဲ့စွာ ပြုမူသောသူ့ကို ဒေါသတကြီးအော်ပြောလွှတ်လိုက်ရာ သူကတော့ ဘာမျှမဖြစ်သကဲ့သို့ မဲ့ပြုံးပြုံး၍ လှည့်ထွက်သွားလေ၏။

(၆)

သူ့အပြုံးက တောင်သမန်အင်းရေပြင်တွင် ယခုထိ ထင်ကျန်နေဆဲ။ တော်ပြီ။ အလိုလိုဒေါသထွက်နေရလိမ့်မည်ဖြစ်၍ တောင်သမန်တံတားကြီးကို ကျောခိုင်းလိုက်ချိန်တွင်ပင်-

"ဟယ်လို ကိုကို နေကောင်းရဲ့လား"

". . . . . . . . ."

ရည်းစားဖြစ်သူနှင့် ဖုန်းပြောနေသည့် မိန်းကလေးတစ်ဦး၏အသံကို အမှတ်တမဲ့ကြားလိုက်ရ၏။

"ဟင် ဟုတ်လား"

". . . . . . . . ."

"အွန်းပါ ကိုကိုရယ်။ နောက်မှလာလည်ပေါ့။ ကိုကို့မေမေရဲ့ ကျန်းမာရေးက ပိုအရေးကြီးတယ်၊ ဒါနဲ့ ဆေးဖိုးလွှဲပေးရအုံးမလားဟင်"

". . . . . . . . ."

"ဟုတ်ပါပြီ။ လိုအပ်ရင်ပြောနော်။ ဘာမှအားနာမနေနဲ့။ ကိုကို့မေမေ နေပြန်ကောင်းမှလာခဲ့။ သုံးနှစ်ကြီးများတောင် စောင့်ခဲ့ပြီးပြီပဲ။ ဒီရက်ပိုင်းလေးလောက်ကတော့ သဲ ထပ်စောင့်နိုင်ပါတယ်"

". . . . . . . . ."

"ဟုတ် ကိုကို"

ကျွန်မ၏ နားစည်ထဲတွင် အတိတ်ကို ပုံဖော်နိုင်သောဦးနှောက်တစ်ခု အပိုပါလေသလားမသိ။ မိုးကောင်းကင်မည်သည် တကယ်ပဲ အစိမ်းရောင်သန်းခဲ့ဟန်။ နောင်တများစွာ ပြည့်နှက်နေသည့် ကျွန်မ၏မျက်လုံးအစုံကို စိမ်းလဲ့လဲ့ကောင်းကင်ကြီးက မဲ့ပြုံးပြုံးပြနေသယောင်။

---

## ချစ်ဖွယ်အိမ်လေး

\- မေတ္တာခြုံ မိသားစု
တည်အားပြု နွေးထွေးအောင်၊
တစ်ဦးကို တစ်ဦးက
ကြည်နူးမှုဆောင်၊
အတ္တရှေ့တန်း မထားပေါင်
မှားရင်တောင် သည်းခံရင်း၊
သေးငယ်ပါစေ တောင်းပန်ပြု
ဝန်လေးမှုကင်း။

\- ကရုဏာ မြတ်ရင်တွင်းက
မှတ်စဉ်သွင်း မာန်မပို၊
သူ့ဂုဏ်အင် ပေါင်းတိုးပွား
ကောင်းကျိုးအားလို၊
ပရဟိတ စိတ်မှာခို
မိတ်သဟာဆို အကောင်းပြော၊
ရွှင်ပြုံးဂုဏ် နှုတ်ပီယ
တည်ကြမနော။

\- အတူယှဉ် လုပ်ငန်းသဘော
ယုတ်ကြမ်းသော စကားဖယ်၊
ကောင်းရာကို အတွေးဆင့်
အကျင့်ဆောင်ရွယ်၊
မိသားစု တိုးတက်မယ်
အဖိုးတက်ဖွယ် အမြဲလုပ်၊
စွမ်းဆောင်ပေ များအကျိုး
သယ်ပိုးကြိုးကုတ်။

\- ကြည်နူးစရာ မာန်သရုပ်နှင့်
ဉာဏ်အုပ်စို့ တို့တိုင်းပြည်၊
တောင်တန်းပါ ပြည်မရော
သဘောတူညီ၊
မိသားစု ငြိမ်းချမ်းတည်
ကိန်းမှန်းရည် ဂုဏ်အင်မွေး၊
တို့အတူတူပဲ့
မငြူစူ တည်ဆောက်ပါစို့
ထက်အောက်စုံ မိတ္တတွေနဲ့
စိတ္တစေ နှလုံးအနှစ်
ချစ်ဖွယ်အိမ်လေး။ ။

**ငြိမ်းချမ်းအောင်(နောင်ကြီး)**

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အင်္ဂလန်အရှေ့မြောက်ပိုင်းနှင့် စကော့တလန်အရှေ့မြောက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွား




**လန်ဒန် နိုဝင်ဘာ ၁၈**

ဗြိတိန်ကျွန်းစု နိုင်ငံများဖြစ်သည့် အင်္ဂလန်နိုင်ငံအရှေ့မြောက်ဘက်ပိုင်းနှင့် စကော့တလန်နိုင်ငံအရှေ့မြောက်ပိုင်းတို့တွင် နိုဝင်ဘာ ၁၇ ရက်က မိုးသက်လေပြင်းကျရောက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဗြိတိန်ဗဟိုမိုးလေဝသစင်တာက နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့မှစတင်၍ ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ စကော့တလန် အရှေ့မြောက်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားခဲ့ပြီး မိုးရေချိန်မှာ မီလီမီတာ ၁၀၀ ထိ မြင့်တက်လာကြောင်း၊ အင်္ဂလန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းနှင့် စကော့တလန်အရှေ့မြောက်ဘက်ပိုင်းရှိ ကမ်းခြေဒေသများတွင် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိနေပြီး ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ဗြိတိန်ဗဟိုမိုးလေဝသစင်တာက ညွှန်ကြားခဲ့သည်။

"အင်္ဂလန် အရှေ့မြောက်ဘက်ပိုင်းနဲ့ စကော့တလန်အရှေ့မြောက်ဘက်ပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေဆိုးရွားလာနိုင်ပါတယ်။ ကမ်းခြေဒေသတွေမှာ ရေကြီးရေလျှံမှု အခြေအနေပိုဆိုးလာနိုင်တယ်။ ကမ်းခြေမှာလှိုင်းလုံးကြီးတွေဖြစ်ပေါ်လာနိုင်သလို လေတိုက်နှုန်းလဲ မြင့်မားတဲ့အတွက် အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ လမ်းမကြီးတွေ ရေမြုပ်နေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ ရှိလာနိုင်ပါတယ်" ဟု ဗြိတိန်ဗဟိုမိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ မော်ဂန်က ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုပြီးလျှင် ဆီးနှင်းများကျဆင်းလာဖွယ်ရှိနေပြီး ဗြိတိန်နိုင်ငံအတွင်း အအေးဓာတ်မြင့်မားလာနိုင်ဖွယ်ရှိနေကြောင်း ဗြိတိန်ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# ရေကြီးရေလျှံမှုဖြစ်ပွားသော ပြည်နယ်နှစ်ခုကို ချက်ချင်းကူညီရန် ဖိလစ်ပိုင်သမ္မတ အမိန့်ပေး

**မနီလာ နိုဝင်ဘာ ၁၈**

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသော ပြည်နယ်နှစ်ခုကို ချက်ချင်းကူညီပေးရန် ဖိလစ်ပိုင်သမ္မတ ဂျူနီယာမားကိုစ်က အမိန့်ပေးခဲ့ကြောင်း Phillipine News Agency သတင်းဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် Davao Del Sur နှင့် Davao Occidental ပြည်နယ်တို့တွင် ရေကြီးမှုနှင့် မြေပြိုမှုဒဏ်ခံရသူများကို ချက်ချင်းအကူအညီများပေးရန် သက်ဆိုင်ရာအစိုးရအေဂျင်စီများကို ထိုင်းနိုင်ငံတွင် အစည်းအဝေး တက်ရောက်ရန် ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတ ဂျူနီယာမားကိုစ်က အမိန့်ပေးခဲ့ကြောင်း သိရသည်။

အပူပိုင်းပေါင်းစပ်ဇုန်တွင် ကျရောက်လျက်ရှိသော အဆိုပါဒေသတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း အစီရင်ခံစာများကို လက်ခံရရှိထားသည်ဟု သမ္မတက ပြောကြားခဲ့သည်။

အမျိုးသား သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီနှင့် ပြည်သူ့လုပ်ငန်းနှင့် အဝေးပြေးလမ်းများ ဦးစီးဌာနတို့က ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးရေးဌာနက ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဌာန၏ အစီရင်ခံစာများအရ နိုဝင်ဘာ ၁၆ ရက်ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်အတွင်းရှိ ကီဘလာဝမ်မြစ်နှင့် မာလာလက်မြစ်များမှ ညတွင်းချင်း မြစ်ရေများလျှံတက်လာခဲ့ခြင်းကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ AZH

# ရေထုညစ်ညမ်းမှုကြောင့် ဆယ်လမွန်ငါးမျိုးသုဉ်းမှုဖြေရှင်းရန် ရေလှောင်တမံလေးခု ဖျက်သိမ်းခွင့်ပြု

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီကရာသီဥတု ဖောက်ပြန်မှုများနှင့် ရေထုညစ်ညမ်းမှုများကြောင့် ဆယ်လမွန်ငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုကို ဖြေရှင်းရန်အတွက် နိုဝင်ဘာ ၁၇ ရက်တွင် ရေလှောင်တမံလေးခုကို အာဏာပိုင်အဖွဲ့အစည်းက ဖျက်သိမ်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။

ကလာမတ်မြစ်အတွင်း ဆယ်လမွန်ငါးမျိုးစိတ်များ သေဆုံးမှုများဖြစ်ပေါ်နေပြီး ဆယ်လမွန်ငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် ကလာမတ်မြစ်ရေသန့်စင်မှုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကလာမတ်မြစ်ရေသန့်စင်မှုလုပ်ငန်းစဉ်အတွက် ကလာမတ်မြစ်ရေမှတစ်ဆင့် ရေသိုလှောင်မှုပြုလုပ်နေသည့် ရေလှောင်တမံလေးခုကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဖျက်သိမ်းပစ်မည့် ရေလှောင်တမံလေးခုတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ ရှိနေသော်လည်း ၎င်းရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစက်ရုံများကို လည်ပတ်မှုရပ်ဆိုင်းသွားစေမည်ဖြစ်ကြောင်း သိရသည်။

"ကလာမတ်မြစ်ထဲက ဆယ်လမွန်ငါးမျိုးစိတ်တွေကို ရှေးလူကြီးတွေလက်ထက်ကတည်းက တန်ဖိုးထားပြီး စောင့်ရှောက်လာခဲ့ကြတယ်။ ဆယ်လမွန်ငါးမျိုးစိတ်တွေအတွက် ပြည်သူတွေတိုက်ပွဲဝင်ခဲ့တာ အောင်ပွဲရခဲ့ပြီ။ ကလာမတ်မြစ်ရေသန့်စင်မှုအတွက် ရေလှောင်တမံလေးခုကို ဖျက်သိမ်းမဲ့ သတင်းဟာ ပြည်သူတွေရဲ့ အောင်ပွဲဖြစ်ပါတယ်။ ဒီအောင်မြင်မှုကြောင့် ဆယ်လမွန်ငါးတွေကို ကာကွယ်စောင့်ရှောက်နိုင်တော့မယ်" ဟု အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းဖြစ်သည့် Yurok Tribe အဖွဲ့၏ဥက္ကဋ္ဌ ဂျိုးဆပ်ဂျိမ်းစ်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ်ရှိ ရွာတစ်ရွာတွင် မြေပြိုမှုကြောင့် လူသုံးဦးသေဆုံး

**ဂျကာတာ နိုဝင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ်ရှိ ရွာတစ်ရွာတွင် မြေပြိုမှုကြောင့် လူသုံးဦး သေဆုံးခဲ့ကြောင်း ANTARA သတင်းဌာနက ယနေ့ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ် Lonjoboko ရွာတွင် နိုဝင်ဘာ ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ဒေသခံသုံးဦးသေဆုံးခဲ့ကာ ဒေသခံ လေးဦးပျောက်ဆုံးနေဆဲဖြစ်သဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ယနေ့ထိ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း အမျိုးသားရှာဖွေကယ်ဆယ်ရေးအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တောင်ဆူလာဝေစီပြည်နယ် ဂိုအာခရိုင်ရှိ Lonjoboko ရွာတွင် နိုဝင်ဘာ ၁၆ ရက်ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် Majene-Mamuju ကားလမ်းပိုင်းရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ မြေပြိုမှုကြောင့် လူလေးဦးကို တင်ဆောင်လာသော ကားတစ်စီးနှင့် လူနေအိမ်တစ်လုံးတို့ မြေကြီးအတွင်း နစ်မြုပ်ခဲ့ရကြောင်း သိရသည်။

သေဆုံးသူသုံးဦးမှာ တောင်ဆူလာဝေစီပြည်နယ် ဂိုအာခရိုင် Borong Sapiria မှ ဒေသခံသုံးဦးဖြစ်ပြီး ၎င်းတို့၏ ရုပ်အလောင်းများကို အတည်ပြုကာ မိသားစုထံသို့ လွှဲပြောင်းပေးခဲ့ပြီး ပျောက်ဆုံးနေသူလေးဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း အေဂျင်စီအကြီးအကဲ Djunaidi က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်အတွင်း မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏နေရာ အများအပြားတွင်လည်း သဘာဝဘေးအန္တရာယ်များ ဆက်လက်ကျရောက်နိုင်သေးကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၈ ရက်က ရေကြီးရေလျှံမှုကြောင့် အာချေးခရိုင်ရှိ ဒေသခံ ၂၄၃၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အောက်တိုဘာ ၂၃ ရက်ကလည်း အရှေ့ဂျာဗားပြည်နယ် ဆန်ဒန်ခရိုင်တွင်မြေပြိုမှုကြောင့် ဒေသခံသုံးဦး သေဆုံးခဲ့ရကြောင်း သိရသည်။ AZH

# တက္ကဆက်ပြည်နယ်တွင် မြေလျှောလှုပ်ခတ်၍ အဆောက်အအုံတချို့ ယာယီပိတ်ထားရ

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုတွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိသည့်မြေငလျင်လှုပ်ခတ်၍ အခြေခံအဆောက်အအုံတချို့ကို ယာယီပိတ်ထားရကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု MSN သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

ဆန်အန်တိုနီယိုမြို့ သက်တမ်းတစ်လျှောက် ပြင်းအားအများဆုံးမြေငလျင်ဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဆေးတက္ကသိုလ်အတွင်းရှိ Robert B. Green Campus အဆောက်အအုံကို ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း သိရသည်။

"မြေငလျင်ဒဏ် သင့်ခဲ့တဲ့ Robert B. Green Campus အဆောက်အအုံကို ယာယီပိတ်ထားပါတယ်။ ကြံ့ခိုင်မှုမပြည့်ဝတော့တဲ့အတွက် အချိန်မရွေးပြိုကျပျက်စီးလာနိုင်တယ်။ ဒါကြောင့် အဆောက်အအုံကို ယာယီပိတ်ထားဖို့ ဆုံးဖြတ်ခဲ့တာပါ။ အဆောက်အအုံအတွင်း လူတွေဖြတ်သန်းသွားလာတာမပြုဖို့လဲ တားမြစ်ချက်ထုတ်ပြန်ထားသလို အစောင့်ဝန်ထမ်းတွေကိုလဲ တာဝန်ချထားပါတယ်။ ဒီအဆောက်အအုံဟာ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိတဲ့ အဆောက်အအုံဖြစ်သလို အမေရိကန်တပ်မတော်နဲ့ ပူးပေါင်းပြီးတော့ ၂၀၁၃ ခုနှစ်ကစပြီး ဆေးရုံအနေနဲ့ ပြောင်းလဲဖွင့်လှစ်ထားတဲ့ အဆောက်အအုံလဲ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကစပြီးတော့ သမိုင်းဝင်အဆောက်အအုံစာရင်းမှာ ထည့်သွင်းခဲ့တဲ့ အဆောက်အအုံ ဖြစ်ပါတယ်"ဟု ဆန်အန်တိုနီယို ဆေးတက္ကသိုလ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Robert B. Green Campus အဆောက်အအုံတွင် ၁၉၁၈ ခုနှစ်က တုပ်ကွေးရောဂါ ကပ်ဘေးကျရောက်စဉ်က လူနာများကိုကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးရာတွင် အသုံးပြုခဲ့ဖူးသကဲ့သို့ ၁၉၄၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်က ပိုလီယိုကပ်ရောဂါ ကျရောက်စဉ် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးရန် အသုံးပြုခဲ့သည့် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၁၇၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၈**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၁၇၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၆ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၇၇၃ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၁၇၉ သန်းဖိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ကုန်အနေဖြင့် ရေထွက်ကုန်ပစ္စည်းများနှင့် မုတ်ခွံများ၊ အဆင့်မြင့် ထုတ်ကုန်များဖြစ်သည့် ငါးမှုန့်များ၊ ငါးအသားလွှာများကို အဓိက တင်ပို့ရောင်းချပေးနေပြီး သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ၊ စက်သုံးဆီနှင့်လူသုံးကုန်ပစ္စည်းများ တင်သွင်းနေခြင်းဖြစ်သည်။

မြိတ်ဒေသမှ ထိုင်းနိုင်ငံသို့ ငါးအသားလွှာ၊ ငါးမှုန့်များနှင့်မုတ်ကောင်အခွံများ ပုံမှန်တင်ပို့လျက်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ထိုင်းနိုင်ငံသို့ ကုန်းလမ်းကြောင်းမှ ပရာကျွတ်ကရီခမ်သို့ ငါးအသားလွှာ ၃၆ တန်နှင့် မုတ်ခွံ ၂၅ ဒသမ ၇၆ တန်၊ ရေလမ်းကြောင်းမှ ရနောင်းမြို့သို့ ငါးမှုန့် တန်ချိန် ၉၉၀ တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

SKL

# မြောက်ဦးမြို့နယ် ကုန်ဘောင်ဟောင်းကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်း စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်ဘောင်ဟောင်း(ရခိုင်)ကျေးရွာအုပ်စု ကုန်ဘောင်ဟောင်းကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့်ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကုန်ဘောင်ဟောင်းကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော တာရာလင်းလက်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ် ကုန်ဘောင်ဟောင်းကျေးရွာ၌ အရှည်ပေ ၆၀၀ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၃၈ သန်းဖြင့် တာရာလင်းလက်ထွန်းကုမ္ပဏီကတာဝန်ယူ၍ စက်တင်ဘာ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်ထိ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၄ အိမ်၊ လူ ၃၀၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# ဆင်ပေါင်ဝဲမြို့နယ် သာဝတ္ထိကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆင်ပေါင်ဝဲမြို့နယ် အင်းမကျေးရွာအုပ်စု သာဝတ္ထိကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သာဝတ္ထိကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



သာဝတ္ထိကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၄၇ ဒသမ ၇၇၅ သိန်း စုစုပေါင်းငွေကျပ် ၁၄၇ ဒသမ ၇၇၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးထံမှ သိရသည်။

**ကျော်ဦး**

# ငဖဲမြို့နယ် ပျဉ်းဝကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျဉ်းဝကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ပျဉ်းဝကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း ကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို ရေရှည်သုံးစွဲသွားနိုင်ရေး ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းဝကျေးရွာ၌ အရှည် ၅၃၃၂ ပေ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးပါက ပျဉ်းဝကျေးရွာရှိ အိမ်ခြေ ၁၅၆ အိမ်၊ လူ ၇၇၃ ဦးတို့အတွက် သောက်သုံးရေအခက်အခဲမရှိ နှစ်စဉ်အိမ်တိုင်ရာရောက် သုံးစွဲနိုင်မည်ဖြစ်ရာ အချိန်ကုန်သက်သာပြီး လူနေမှုဘဝများ ယခင်ကထက်တိုးလာခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်ထံမှ သိရသည်။

**ကိုလှိုင်**

# မအူပင်မြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိ ဈေးကောင်းရရှိသဖြင့် တောင်သူများအဆင်ပြေ

**မအူပင် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မိုးမြေပဲများပေါ်နေသည့်ကာလ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိ ဈေးကောင်းရရှိသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေနေကြောင်း မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကံမြင့်က ပြောပြသည်။

မအူပင်မြို့နယ်တွင် မိုးမြေပဲများ စတင်ပေါ်နေသည့်ကာလဖြစ်ပြီး ပြီးခဲ့သည့်နှစ် မိုးမြေပဲပေါ်ခဲ့သည့် နိုဝင်ဘာလက မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာ ဈေးရရှိခဲ့ရာ ယခုအခါ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိ ဈေးကောင်းရရှိသဖြင့် တောင်သူများ၊ ကုန်သည်များ၊ မြေပဲနှုတ်သည့်လုပ်သားများပါ အဆင်ပြေနေကြောင်း သိရသည်။

"လက်ရှိ မအူပင်မြို့နယ်မှာ မိုးမြေပဲတွေပေါ်နေတဲ့ကာလဖြစ်ပါတယ်။ အခုလို မြေပဲတွေ ပေါ်နေတဲ့အချိန် မြေပဲဆန်တွေဈေးကောင်းရရှိနေတော့ တောင်သူတွေက အဓိက အဆင်ပြေပြီး လုပ်သားတွေနဲ့ ကုန်သည်တွေလဲအဆင်ပြေနေတယ်။ မအူပင်ဒေသထွက် မြေပဲဆန်တွေက အရည်အသွေးကောင်းတယ်။ ဒါကြောင့် ဆီကြိတ်ခွဲရာမှာလဲ အဆင်ပြေပြီး ပဲဆီသန့်ရပါတယ်။ မြေပဲဆီ ထုတ်လုပ်သူတွေက မြေပဲဆန်အဝယ်လိုက်လာတာကြောင့် အခုလိုဈေးကောင်းရရှိနေတာ ဖြစ်ပါတယ်။ မြေပဲဆန်တွေကို မအူပင်ဈေးကွက်အပြင် ရန်ကုန်ဘက်ကလဲ အဝယ်လိုက်နေပါတယ်"ဟု ဦးကံမြင့်က ပြောပြသည်။

မအူပင်မြို့နယ်တွင် မြေပဲဆန်များ ဝယ်ယူမှုများနေခြင်းကြောင့် ကာလအတန်ကြာ ရပ်နားခဲ့ရသည့် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများလည်း ပြန်လည် လည်ပတ်လုပ်ကိုင်နေကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မအူပင်မြို့နယ်တွင် မြေပဲ ၉၃၅ ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိ မြေပဲဆီသန့် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၉၅၀၀ ထိဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကမ္ဘာ့ဖလားအုပ်စု(A)အဖွင့်ပွဲစဉ်မှာ ကာတာ၊ နယ်သာလန်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



အခုတစ်ပတ် တနင်္ဂနွေနေ့ကစပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွေ စတင်ယှဉ်ပြိုင်တော့မှာဖြစ်လို့ ဘောလုံးပရိသတ်တွေအတွက် လေးနှစ်တစ်ခါ စောင့်မျှော်နေရတဲ့ ပြိုင်ပွဲနဲ့ တွေ့ဆုံရတော့မှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ ကမ္ဘာ့ဖလားအုပ်စု(A) က ကာတာနဲ့ အီကွေဒေါတို့ ပွဲစဉ်သာရှိတာကြောင့် တနင်္လာနေ့မှာ ဆက်ကစားမဲ့ အုပ်စု (A) ဒုတိယပွဲစဉ်ဖြစ်တဲ့ ဆီနီဂေါနဲ့ နယ်သာလန်အသင်းတို့ရဲ့ပွဲစဉ်ကို ဆက်လက်ရွေးချယ်သွားမှာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲတွေဟာ ကလပ်အသင်းပြိုင်ပွဲတွေလိုမဟုတ်ဘဲ နိုင်ငံအလိုက် ကစားသမားတွေက ရေကုန်ရေခန်း ပေးဆပ်ကစားကြတာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသားပေးကစားကြတာများသလို နှစ်သင်းပေါင်း သွင်းဂိုးတွေ နည်းကြတာကို တွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်ရဲ့အုပ်စု(A) ပွဲစဉ်တွေထဲက ကစားပုံတည်ငြိမ်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေကိုသာ ရွေးချယ်သွားရမှာပါ။

### ကာတာအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ ကမ္ဘာ့ဖလားအုပ်စု (A) အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အိမ်ရှင်ကာတာနဲ့ အီကွေဒေါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကာတာအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ တစ်ကြိမ်မှ ခြေစစ်ပွဲအောင်မြင်ခဲ့တာမရှိပေမဲ့ ဒီနှစ် ကမ္ဘာ့ဖလားမှာတော့ ကမ္ဘာ့ဖလားအိမ်ရှင်အသင်းဖြစ်တာကြောင့် တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အခြားပြိုင်ပွဲတွေဖြစ်တဲ့ ဖီဖာအာရပ်ဖလားမှာ ဒုတိယ၊ အေအက်ဖ်စီဖလားမှာ ချန်ပီယံတစ်ကြိမ်၊ WAFF ချန်ပီယံဆုတစ်ကြိမ်၊ အာရေဗီယံပင်လယ်ကွေ့ဖလားသုံးကြိမ်၊ အာဆီယံပြိုင်ပွဲဆုဖလားတစ်ကြိမ် ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းအနေနဲ့ ကမ္ဘာ့အဆင့် (၅၀) မှာ ရောက်ရှိနေပြီး နောက်ပိုင်းနှစ်တွေမှာ ဘောလုံးစွမ်းရည်တိုးတက်လာတာကြောင့်လဲ ကမ္ဘာ့အဆင့်ရပ်တည်ချက် မြင့်တက်လာတာကို တွေ့ရမှာပါ။

ကာတာအသင်းဟာ ကမ္ဘာ့ဖလားအုပ်စု(A) မှာ အီကွေဒေါ၊ ဆီနီဂေါ၊ နယ်သာလန်တို့နဲ့ အုပ်စုကျပ်ကစားရမှာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းကိုတော့ စပိန်နိုင်ငံသားနည်းပြ ဖီးလစ်ဆန်းချက်ဇ်က တာဝန်ယူကိုင်တွယ်နေပြီး နောက်ကစားခဲ့တဲ့ငါးပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြိုင်ပွဲတိုင်းမှာ ခံစစ်အသားပေးတဲ့ ၄-၄-၂ ၅-၃-၂ ကစားကွက်တွေကိုသာ အသုံးပြုခဲ့ပြီး တိုက်စစ်ပိုင်းမှာ အယ်မိုးဇ်အလီနဲ့ အဖစ်တို့ကို အထောင်တိုက်စစ်မှူးတွေအဖြစ် အသုံးပြုခဲ့တာဖြစ်ပါတယ်။

ကာတာအသင်းဟာ အခုပြိုင်ပွဲမှာ နိုင်ငံအတွင်း ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကို တွေ့ရမှာပါ။ နည်းပြ ဖီးလစ်ဆန်းချက်ဇ်ကတော့ ကစားပုံကောင်းတဲ့အသင်းတွေနဲ့ဆို နောက်တန်း ငါးယောက်ထား ကစားလေ့ရှိပြီး ခြေရည်တူအသင်းတွေနဲ့ဆို ခံစစ်ကို လေးယောက်သာ ထားကစားနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အယ်ဘေးနီးယားအသင်းနဲ့ ပွဲစဉ်မှာတော့ ၄-၄-၂ နဲ့ ပွဲထွက်ခဲ့ပြီး ပထမပိုင်းမှာပဲ ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာပဲ ပင်နယ်တီကန်ခွင့်ရခဲ့ပြီး တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးအိမ်ကွင်းပွဲစဉ်လေးပွဲမှာလဲ ချီလီကို သရေကစားနိုင်ခဲ့ပြီး ဂွါဒီမာလာ၊ ဟွန်ဒူးရပ်စ်၊ ပနားမားတို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။

အီကွေဒေါအသင်းဟာ တောင်အမေရိကဇုန် ခြေစစ်ပွဲမှာ အဆင့်(၄) နေရာ ရပ်တည်နိုင်ခဲ့လို့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိ ကမ္ဘာ့အဆင့် (၄၄) မှာ ရပ်တည်နေပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ အခုတစ်ကြိမ်အပါအဝင် လေးကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ ၂၀၀၆ ခုနှစ်မှာတော့ ၁၆ သင်း ရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ တောင်အမေရိကဇုန်ရဲ့ အဓိကဖလားပြိုင်ပွဲတွေမှာလဲ အောင်မြင်မှုရခဲ့တာမရှိပါဘူး။ သူတို့အသင်းကိုတော့ အာဂျင်တီးနားလူမျိုးနည်းပြ အယ်ဖာရို တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး ၄-၃-၃ ကစားကွက်ကိုသာ အထိုင်ချကစားလေ့ရှိပေမဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။

အခုပြိုင်ပွဲအတွက် သူတို့အသင်းရဲ့ ကစားသမားစာရင်းမှာလဲ ဖီနာဘာချီအသင်းက တိုက်စစ်မှူး ဗလင်စီယာတစ်ယောက်သာ ခြေစွမ်းပြကစားသမားအဖြစ် ပရိသတ်အသိများပေမဲ့ ကျန်ကစားသမားတွေကတော့ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေဖြစ်တာကို တွေ့ရမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှု အားနည်းနေတဲ့ အီကွေဒေါအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့ပြီး ကျန်လေးပွဲကိုတော့ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်က သူတို့အနိုင်ရခဲ့တာကလဲ အသင်းငယ်ဖြစ်တဲ့ ကိတ်ဗာဒီကိုသာ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့နှစ်သင်းရဲ့ ကစားသမားစုဖွဲ့မှာ အီကွေဒေါအသင်းက အနည်းငယ် သာလွန်နေပေမဲ့ အိမ်ရှင်အားသာချက်နဲ့ ကစားကွက်ပိုင်းမှာတော့ ကာတာအသင်းက ပိုကောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်ပရိသတ်တွေရှေ့မှာ နောက်တစ်ဆင့်တက်ရောက်ဖို့ တိုက်စစ်မြှင့်ကစားလာမဲ့ အိမ်ရှင်ကာတာအသင်းကိုပဲ အားပေးသွားရမှာပါ။

**ကာတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာတာ | ၂ | - | ၂ | ချီလီ |
| ကာတာ | ၂ | - | ၀ | ဂွါတီမာလာ |
| ကာတာ | ၁ | - | ၀ | ဟွန်ဒူးရပ်စ် |
| ကာတာ | ၂ | - | ၁ | ပနားမား |
| အယ်ဘေးနီးယား | ၀ | - | ၁ | ကာတာ |

**အီကွေဒေါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၀ | - | ၀ | အီကွေဒေါ |
| အီကွေဒေါ | ၁ | - | ၀ | ကိတ်ဗာဒီ |
| ဆော်ဒီအာရေဗျ | ၀ | - | ၀ | အီကွေဒေါ |
| ဂျပန် | ၀ | - | ၀ | အီကွေဒေါ |
| အီကွေဒေါ | ၀ | - | ၀ | အီရတ် |

### နယ်သာလန်အသင်းကို ရွေးချယ်ရမှာပါ

ကမ္ဘာ့ဖလားအုပ်စု(A) အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆီနီဂေါနဲ့ နယ်သာလန်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီနီဂေါအသင်းဟာ ကစားပုံမာကျောတဲ့အသင်းဖြစ်သလို နည်းပြ ဆစ်ဆီ တာဝန်ယူကိုင်တွယ်ပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်ကစလို့ ခြေစွမ်းပိုင်းတိုးတက်လာတာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာ သူတို့အသင်းဟာ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့သလို ၂၀၂၁ ခုနှစ် အာဖရိကဖလားပြိုင်ပွဲမှာလဲ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၁၈) ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဆီနီဂေါအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ အခုတစ်ကြိမ်အပါအဝင် သုံးကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့ ၂၀၀၂ ခုနှစ်မှာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ နည်းပြ ဆစ်ဆီရွေးချယ်ထားတဲ့ ကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် မန်ဒီ၊ ဂိုမစ်၊ ဒီယန်၊ ခံစစ်ကစားသမားအဖြစ် ကူလီဘာလေ၊ အဘူဆစ်စီ၊ ဘော်လိုတိုရေး၊ ဂျာကော့စ်၊ ဖော်မိုစီမန်ဒီ၊ ဒီယာလို၊ ဆာဘယ်လီ၊ ကွင်းလယ်ကစားသမားအဖြစ် ဂီရီ၊ ပက်သီဆစ်၊ ကော့တေး၊ ပါပီဂီရီ၊ ဒီယာတာ၊ မန်ဒီ၊ မာတာဆား၊ မာမာဒူ၊ မန်မီ၊ တိုက်စစ်ကစားသမားတွေကတော့ မာနေး၊ ဘူလာရီဒီယာ၊ ဘမ်ဘာဒီယန်၊ အစွမာလီယာဆား၊ အန်ဒီရီ၊ ဖာမာရာ၊ ဂျက်ဆင်တို့ပါဝင်နေပြီး အများစုဟာ ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေဖြစ်ကြပါတယ်။

ဒါပေမဲ့ သူတို့အသင်းရဲ့ အဓိကခြေစွမ်းပြတိုက်စစ်မှူးဖြစ်တဲ့ တိုက်စစ်မှူး မာနေးကတော့ ကလပ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်က ဒဏ်ရာကြောင့် အသင်းလူစာရင်းမှာ ပါဝင်လာပေမဲ့ ဆီနီဂေါဘောလုံးအဖွဲ့ချုပ်ရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာ့ဖလားကို လွဲချော်မှာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြ ဆစ်ဆီအနေနဲ့ မာနေး မပါဝင်တဲ့ တိုက်စစ်ပိုင်းအတွက် အခက်တွေ့နေတာကို တွေ့ရမှာပါ။

နယ်သာလန်အသင်းဟာလဲ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ အသင်းဖြစ်ပြီး ချန်ပီယံဆု မရရှိခဲ့ပေမဲ့ ဗိုလ်လုပွဲ သုံးကြိမ်တက်ရောက်နိုင်ခဲ့ပြီး တတိယတစ်ကြိမ်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်မှာလဲ ခြေစစ်ပွဲ ၁၁ ကြိမ်ထိ အောင်မြင်ခဲ့တာလဲဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းရဲ့ ကမ္ဘာ့ဖလားအတွေ့အကြုံဟာ ဆီနီဂေါအသင်းထက် သာလွန်နေတာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ သူတို့အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၈) မှာ ရောက်ရှိနေပြီး နည်းပြဗန်ဟားရဲ့ ကစားကွက်ပိုင်းမှာ အသင်းလိုက်ကစားပုံ ထက်မြက်နေတာလဲဖြစ်ပါတယ်။

လက်ရှိ နည်းပြဗန်ဟား ရွေးချယ်ထားတဲ့ကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် ပါဗီယာ၊ နော့ပက်၊ ဘီဂျူ၊ ခံစစ်ကစားသမားတွေကတော့ ဘလိုင်း၊ ဒီဗရီဂျေ၊ ဗန်ဒိုက်၊ နသန်အကီ၊ ဒီလိုက်၊ မာလာစီယာ၊ ဖရင်းပေါင်၊ ဒမ်းဖရိုင်းစ်၊ တင်ဘာ၊ ကွင်းလယ်ပိုင်းမှာတော့ ဖရန်ကီဒီဂျောင်း၊ ကလာဆန်၊ ဆိုင်မွန်၊ မက်ဒီရွန်း၊ ဘာ့ဂစ်၊ တေလာ၊ ကူးမီနာ၊ တိုက်စစ်ပိုင်းမှာတော့ ဒီပေး၊ စတီဗင်ဘာ့ဝင်၊ ဂက်ပို၊ ဝက်ဂ်ဟိုစ်၊ ဂျက်ဆင်၊ လုခ်ဒီဂျောင်း၊ နိုအာလန်းတို့နဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။

သမိုင်းတစ်လျှောက်မှာတော့ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမရှိခဲ့ပေမဲ့ ကစားကွက်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာတော့ နယ်သာလန်အသင်းက ဆီနီဂေါအသင်းထက် သာလွန်နေတာဖြစ်ပါတယ်။ ဒါ့ပြင် မာနေး ပါဝင်နိုင်ခြင်းမရှိတော့တဲ့ ဆီနီဂေါတိုက်စစ်ပိုင်းအနေနဲ့လဲ အဖွင့်ပွဲစဉ်မှာ ရုန်းကန်ရဖို့များနေပြီး နယ်သာလန်အသင်းရဲ့ ဖိအားပေးမှုကို ခံရမှာ သေချာနေပါတယ်။ နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းနဲ့ အတွေ့အကြုံပိုင်းမှာလဲ နည်းပြဗန်ဟားဟာ ဆီနီဂေါနည်းပြထက် သာလွန်နေတာဖြစ်ပါတယ်။ ဒါကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခုပွဲစဉ်ကို တိုက်စစ်မြှင့်ကစားလာမဲ့ နယ်သာလန်အသင်းကို ရွေးချယ်ရမှာပါ။

**ဆီနီဂေါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီနီဂေါ | ၁ | - | ၀ | အီဂျစ် |
| ဆီနီဂေါ | ၃ | - | ၁ | ဘီနင် |
| ရဝမ်ဒါ | ၀ | - | ၁ | ဆီနီဂေါ |
| ဘိုလီဗီးယား | ၀ | - | ၂ | ဆီနီဂေါ |
| ဆီနီဂေါ | ၁ | - | ၁ | အီရန် |

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝေးလ် | ၁ | - | ၂ | နယ်သာလန် |
| နယ်သာလန် | ၂ | - | ၂ | ပိုလန် |
| နယ်သာလန် | ၃ | - | ၂ | ဝေးလ် |
| ပိုလန် | ၀ | - | ၂ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၀ | ဘယ်လ်ဂျီယံ |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တော်သီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တော်သီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တော်သီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တော်သီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တော်သီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ရေဖြူမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရေဖြူ နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမွေးမြူရေးနှင့်ကုသရေးဆိုင်ရာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရေဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်က သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် မိမိတို့ဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ယခုလို သင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် သင်တန်းက ပို့ချပေးပြီး တတ်မြောက်သွားပါက ဆက်လက်ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွေးမြူရေးဈေးကွက်များနှင့်ချိတ်ဆက်ပြီး တွင်တွင်ကျယ်ကျယ် တိုးချဲ့မွေးမြူဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးနှင့်ကုသရေးဆိုင်ရာသင်တန်းသို့ ရေဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ ငါးရက်ကြာ စာတွေ့၊လက်တွေ့ အခမဲ့သင်ကြားပို့ချသွား



မည်ဖြစ်ကြောင်း ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောပြ၍ သိရသည်။

**ကိုဖြည့်**

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်က နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ ပို့ကုန်၊ သွင်းကုန်လိုင်စင် ၂၂၇ စောင် ခွင့်ပြုထုတ်ပေးခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၈**

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်က ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ ပို့ကုန်၊ သွင်းကုန်လိုင်စင် ၂၂၇ စောင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ပြည်တွင်းမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကုမ္ပဏီများအနေဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးမှုများအရ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ယခုနှစ် နိုဝင်ဘာ ၁၃ ရက်တစ်ရက်တည်းမှာပင် တရုတ်နိုင်ငံမှ သစ်သီးများ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင် ၁၀ စောင် လာရောက် လျှောက်ထားခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ ပို့ကုန်လိုင်စင်တစ်စောင်၊ သွင်းကုန်လိုင်စင် ၂၂၆ စောင် စုစုပေါင်း ပို့ကုန်၊ သွင်းကုန်လိုင်စင် ၂၂၇ စောင်ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါခွင့်ပြုထုတ်ပေးခဲ့သည့် ပို့ကုန်၊ သွင်းကုန်လိုင်စင်များတွင် ပို့ကုန်လိုင်စင်များမှာ ပဲမျိုးစုံ၊ ဆန်၊ ဆန်ကွဲနှင့် ပြောင်းတင်ပို့ရောင်းချပေးရန် လျှောက်ထားသည့် ပို့ကုန်လိုင်စင်များဖြစ်ပြီး သွင်းကုန်လိုင်စင်များမှာ ပန်းသီး၊ ပန်းသစ်တော်သီး၊ လိမ္မော်သီး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း တင်သွင်းရန် လျှောက်ထားသည့် သွင်းကုန်လိုင်စင်တို့ဖြစ်ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၁၃ ရက်တစ်ရက်တည်းမှာပင် ပို့ကုန်ယာဉ် ၁၀၉ စီး၊ သွင်းကုန်ယာဉ် ၃၄ စီး စုစုပေါင်းပို့ကုန်၊ သွင်းကုန်မော်တော်ယာဉ် ၁၄၃ စီး ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၁၃ ရက်ထိ ပို့ကုန်ယာဉ် ၁၀၈၄ စီး၊ သွင်းကုန်ယာဉ် ၅၃၁ စီး စုစုပေါင်း ပို့ကုန်၊ သွင်းကုန် မော်တော်ယာဉ် ၁၆၁၅ စီးဖြင့် ကုန်သွယ်မှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ဖရဲသီး စသည့် သီးနှံများ တင်ပို့သည့်ကာလရောက်ရှိ၍ ပို့ကုန်မော်တော်ယာဉ်စီးရေ ပိုမိုများပြားနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# သံတောင်ကြီးမြို့နယ် ကျေးရွာသုံးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သံတောင်ကြီး နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိန်ကုန်းကျေးရွာ၊ နန်းချို(အထက်)ကျေးရွာနှင့် ကနစိုးပင်ကျေးရွာတို့၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ စိန်ကုန်းကျေးရွာ၊ နန်းချို(အထက်)ကျေးရွာနှင့် ကနစိုးပင်ကျေးရွာတို့၌ သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် စိန်ကုန်းကျေးရွာ၌ စိမ့်စမ်းရေသွယ် ပိုက်လိုင်းတစ်မိုင်သွယ်ယူခြင်း၊ နန်းချို(အထက်)ကျေးရွာ စိမ့်စမ်းရေသွယ်ပိုက်လိုင်း နှစ်မိုင် ငါးဖာလုံသွယ်ယူခြင်း၊ ကနစိုးပင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ပိုက်လိုင်း သုံးမိုင်သွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၃၇၅ သန်းဖြင့် Ngwe Sin Eain Nann ကုမ္ပဏီက ဇူလိုင်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၈၆၊ လူဦးရေ ၁၅၂၆ ဦးနှင့် ကျွဲနွားတိရစ္ဆာန်တို့အတွက် ရာသီမရွေးသောက်သုံးရေ အခက်အခဲများ အဆင်ပြေမည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## မိသားစုနှင့်မသက်ဆိုင်ကြောင်းကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အနောက်မြို့သစ်၊ က-၆/၃၀တွင်နေထိုင်သော **(မိခင်)** ဒေါ်ဝင်းဝင်းမော်(၉/မရတ(နိုင်)၀၂၃၀၆၆)(ဘ)ဦးအောင်သိန်းကြည်၊ **(အဒေါ်)** ဒေါ်အိအိထွေး(၉/မရတ(နိုင်)၁၁၈၂၅၆)၊ **(မောင်)** ကိုပြည့်သူ (၉/ခမစ(နိုင်)၀၂၉၀၃၇)တို့မှ အများသိစေရန်ကြေညာအပ်ပါသည်။

သမီး **မချိုဝေမော်(ခ)ချိုသံလွင်(၉/ခမစ(နိုင်)၀၀၇၈၁၇)(ဘ) ဦးညွန့်ဝေ**နှင့်သားမက် **ကိုပြည့်ထွန်းအောင်(၁၂/ဗဟန(နိုင်)၀၈၄၁၆၀)(ဘ)ဦးသိန်းအောင်** တို့သည် ကျွန်မသက်ရှိ ထင်ရှားရှိနေစဉ်အတွင်း ကျွန်မပိုင်ဆိုင်သော မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၅၅/ အိမ်နံပါတ်(၃၃)၊ အနောက်ဘက်ခြမ်း(၁၅×၆၀)ပေမြေနှင့် RC သုံးထပ်တိုက်ရောင်းရငွေ၊ ပြင်ဦးလွင်၊ ပဒေသာမြို့သစ်၊ (ရကက)၁၀-ဈ/၃၈ မြေနှင့်တိုက်ရောင်းရငွေများအား ရပိုင်ခွင့်အမွေအဖြစ်ယူဆောင်၍ ကျွန်မတို့ထံမှ အပြီးအပိုင်ထွက်သွားကြပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတို့(၂)ဦးသည် ယနေ့မှစ၍ ကျွန်မတို့နှင့် မပတ်သက်၊ မသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်ဝင်းဝင်းမော်၊ ဒေါ်အိအိထွေး၊ ကိုပြည့်သူ**

### ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နေ နေမျိုးထွန်း (ဘ) ဦးတင်ဝင်း (၁၄/ဟသတ(နိုင်) ၂၂၀၇၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၈၆၇၄၈၆၇

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ ရဝေထွန်း (ဘ) ဦးဆန်းထွန်း (၁၄/မမန(နိုင်)၁၇၉၃၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၄၅၁၂၉၁၆

### ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နယ်နေ ကျော်သက်ဦး (ဘ) ဦးစိုးမြင့် (၁၄/လပတ(နိုင်)၂၉၀၁၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၈၀၁၈၉၆

### ပျောက်ဆုံးကြောင်း

ဇန်းမော်မြို့နေ မလဗျာလုနန်(ဘ) ဦးလဗျာဂမ်အောင် (၁/ဗမန(နိုင်)၀၈၂၅၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နေ ဦးမင်းသူအောင်-ဒေါ်သိမ့်သိမ့်ထွန်း တို့၏သား၊ မြို့ချောင်း အ. ထ. က Grade 5-A မှ မောင်ခန့်ဇော်ဟိန်း အား မောင်မင်းခန့်မောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်မောင်**

### ပျောက်ဆုံးကြောင်း

ဖျာပုံမြို့နယ်နေ မင်းဟန် (ဘ) ဦးသက်နိုင် (၁၄/ဖပန(နိုင်)၂၅၆၉၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၇၆၇၀၁၄၃

### ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နေ အောင်ကိုဝင်း (ဘ) ဦးမောင်ဝင်း(၁၄/မမန(နိုင်)၁၉၂၀၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၉၈၃၂၀၁၂

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ မင်းဆွေဦး (ဘ) ဦးကျော်မျိုးထွန်း (၁၄/ပသန(နိုင်)၃၄၁၈၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၂၂၉၄၆၀၇

### ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နယ်နေ ဖိုးသဇင်အောင် (ဘ) ဦးလှမြင့် (၁၄/လပတ(နိုင်)၂၇၉၇၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၈၅၄၂၀၄၆

**စာပေမြင့်မှ လူမျိုးတင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...

❖ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ...

❖ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



**တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၁၆

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဝေတွင်နေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၇







အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563